# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက် | ၂၀၂၆ ခုနှစ်၊ ဇွန် ၂၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ(၆၅)၊ အမှတ်(၂၆၆)


## ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ (World MSME Day)အထိမ်းအမှတ်အခမ်းအနားကျင်းပ

### MSME ကဏ္ဍဖွံ့ဖြိုးရေးသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ရှုမြင်ပြီး အားလုံးဝိုင်းဝန်းပါဝင်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၇

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ (World MSME Day)အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်

စာမျက်နှာ ၃ ကော်လံ ၁ ◆




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထူးချွန်အဆင့်(၁)ရရှိသည့် MSME လုပ်ငန်းရှင်တစ်ဦးအား ဂုဏ်ပြုတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

## ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာခြင်း

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကိုလည်းကောင်း၊ လုပ်ငန်းသုံးယာဉ်များနှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်း ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများနှင့် လုပ်ငန်းခွင်များတွင် တရားမဝင်အသုံးပြုနေသည်ကိုလည်းကောင်း တွေ့ရှိရပါသည်။ အဆိုပါမော်တော်ယာဉ်များသည်

စာမျက်နှာ ၂ ကော်လံ ၃ ○

## နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဇွန် ၂၇

ဇွန် ၂၈ ရက် (ယနေ့) ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တွင် နေရာကျဲကျဲ၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

## ယနေ့ သ တင်း အ ညွှန်း


**မြေဆီစိုခိုက် ထာဝရဇရပ်တွေ စိုက်ကြပါစို့**

ဆောင်းပါး | စာ ၆

---

**စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဒေသ၏ MSME ငါးအသားခြစ် ကုန်ချောလုပ်ငန်း**

သတင်းဆောင်းပါး | စာ ၁၀


## နိုင်ငံတော်အစီအစဉ်ဖြင့်ပေးပို့သည့် ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ ပူတာအိုမြို့သို့ ထပ်မံရောက်ရှိ

ပူတာအို ဇွန် ၂၇

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် နိုင်ငံတော်အစီအစဉ်ဖြင့်ပေးပို့လာသော ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် ကျောင်းသုံးစာရေးကိရိယာများကို မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအို ပြည်ထောင်စု ကားလမ်းမကြီးအတိုင်း တင်ဆောင်လာသည့် မော်တော်ယာဉ်သုံးစီးသည် ယမန်နေ့ ညနေပိုင်းက ပူတာအိုမြို့သို့ ရောက်ရှိလာသည်။ (ယာပုံ)

ရောက်ရှိလာသော ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် ကျောင်းသုံးစာရေးကိရိယာများအား သိုလှောင်ရုံတွင် စနစ်တကျ ထိန်းသိမ်းထားနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊

စာမျက်နှာ ၂ ကော်လံ ၃ ❖






## မည်သည့်ကြိုတင်ကန့်သတ်ချက်မှ မထား ငြိမ်းချမ်းရေး ဆွေးနွေးကြရန် ဖိတ်ခေါ်

လူမျိုးစုအရေးနှင့် ပတ်သက်သည့် ဝေဒနာတို့သည်ကား နိုင်ငံတိုင်းတွင် ရှိကြသည်သာ။ ကမ္ဘာ့ထိပ်သီး နိုင်ငံကြီးများမှသည် သေးသေးငယ်ငယ်နိုင်ငံများအထိ မတူကွဲပြားမှု၊ နည်းမှု များမှုတို့ကို အကြောင်းခံကာ လူမျိုးစုပြဿနာ ကိုယ်စီရှိကြသည်။ သို့ရာတွင် သူတို့နိုင်ငံများမှာဖြစ်သည့် လူမျိုးစုပြဿနာများသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်မှု မဖြစ်။ အချို့နိုင်ငံများတွင်မူ နားလည်မှု၊ ပြေလည်မှု၊ တည်ငြိမ်အေးချမ်းမှုတို့ရကာ နိုင်ငံတည်ဆောက်ရေးကို စိတ်ရောကိုယ်ပါနှစ်၍ လုပ်နိုင်ကိုင်နိုင်ကြပြီ။

မိမိတို့နိုင်ငံတွင် လူမျိုးစုပြဿနာ သို့မဟုတ် တိုင်းရင်းသားအရေးကိစ္စမှာ နယ်ချဲ့ကိုလိုနီစနစ်၏ လက်ကျန်ပြဿနာတစ်ခုဖြစ်သည်။ ဤပြဿနာသည် လွတ်လပ်ရေးရပြီး၍ နှစ်ပေါင်း ၈၀ နီးလာပြီဖြစ်သည့်တိုင်၊ နိုင်ငံတွင်လည်း ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တို့ပြောင်းလဲ၍ လက်နက်ကိုင်အဖွဲ့များတွင်လည်း ခေါင်းဆောင်အဆက်ဆက်တို့ ပြောင်းသွားပြီဖြစ်သည့်တိုင် ပြေလည်ပြီးဆုံးသွားခြင်းမရှိ။ နိုင်ငံတစ်ဝန်းလုံး အပြည့်အဝငြိမ်းချမ်းမှု မရှိသည့်အခါ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အပြည့်အဝမလုပ်နိုင်။ တည်ငြိမ်သည့် ဒေသများက တိုးတက်ခွင့်ရကြသည်။ မတည်ငြိမ်သည့် ဒေသများမှာမူ နဂိုကပင် ဝေးလံခေါင်ဖျား ဒေသများဖြစ်သည့်အပြင် လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများမှာ မြေစာပင်ပမာ ဖြစ်ကြရသည်။

ကုန်လွန်ခဲ့သည့် ၇၈ နှစ်ကာလအတွင်း နိုင်ငံ့ခေါင်းဆောင်တို့က ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်မှုများ ကြိမ်ဖန်များစွာရှိခဲ့သည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်မှုများသည် မည်သည့်အကြိမ်တွင်မှ ရာနှုန်းပြည့်အောင်မြင်မှု မရရှိခဲ့။ အစိုးရက ငြိမ်းချမ်းရေးအတွက် ရည်မျှော်၍ ယာယီအပစ်အခတ်ရပ်စဲကာ ခေတ္တစစ်ဆိုင်းပေးထားသည်ကို လက်နက်ကိုင်အဖွဲ့အချို့က အလွဲသုံးစားပြု အခွင့်ကောင်းယူကြသည်။ ထိုကာလအတွင်း ငြိမ်းချမ်းရေးကို မစဉ်းစားဘဲ လူသူလက်နက်စုဆောင်း၍ အင်အားဖြည့်တင်းကြသည်။ တပ်များ ရွှေ့ပြောင်းနေရာချထားခြင်းတို့ လုပ်ကြသည်။ ယင်းနောက် အကြောင်းအမျိုးမျိုးပြ၊ စွပ်စွဲမှုအမျိုးမျိုးပြု၍ ငြိမ်းချမ်းရေးကိစ္စကို ဖျက်လိုဖျက်ဆီး ပြုလိုက်ကြသည်။

"ကွာဟမှု ရှိနေတဲ့ နယ်မြေတွေ ကွာဟမှုမရှိအောင် လုပ်ပေးဖို့ဒါကတော့ ကျွန်တော်တို့ မလွဲမသွေဆောင်ရွက်မယ့် လုပ်ငန်းတာဝန်တစ်ခု ဖြစ်တယ်ဆိုတာကို ကျွန်တော်ပြောချင်ပါတယ်။ ဒီလိုလုပ်ဖို့ဆိုရင်လည်း တည်ငြိမ်အေးချမ်းရေးက အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အစိုးရသစ် တာဝန်ယူတဲ့အချိန်မှာ ကျွန်တော့်တိုင်းပြည်ငြိမ်းချမ်းအောင် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်မယ်လို့ ကျွန်တော်ပြောခဲ့တယ်။ ရက်ပေါင်း ၁၀၀ နဲ့ ပတ်သက်ပြီး ကျွန်တော်ပြောတဲ့ အချိန်မှာ ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုတွေ လုပ်ခဲ့ပါတယ်။ အခုလည်း ထပ်ပြောချင်ပါတယ်။ ကျွန်တော်တို့ အစိုးရ ကမ်းလှမ်းထားတဲ့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ တိုင်းရင်းသားလက်နက်ကိုင် ဘယ်အဖွဲ့အစည်းမဆို ဘာကြိုတင်ကန့်သတ်ချက်မှ မထားဘူး။ ငြိမ်းချမ်းရေးအတွက် လာပြီး ဆွေးနွေးဖို့ ကျွန်တော်ဖိတ်ခေါ်ပါတယ်" ဟူ၍ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဇွန် ၂၆ ရက်တွင် ကျင်းပသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မျက်မှောက်ကာလ မိမိတို့ဖြတ်သန်းနေကြရသည့် ကမ္ဘာကြီး၏ အခင်းအကျင်းများမှာ လွန်စွာ ရှုပ်ထွေး ထွေပြားသည်။ အပြင်အပမှ အန္တရာယ်တို့များလှသည့် လမ်းဆုံလမ်းခွမှာ မိမိတို့နိုင်ငံ ရောက်ရှိနေသည်။ ယင်းသို့သော အခြေအနေမျိုးတွင် အတွင်း၌ရှိနေသည့် မိမိတို့အားလုံး တစ်သွေးတည်း တစ်သားတည်း စည်းလုံးညီညွတ်နေကြဖို့လိုသည်။ မြန်မာမြေပေါ်ရှိ မြန်မာတို့အားလုံး စည်းလုံးညီညွတ်ကြပြီဆိုလျှင် အကျိုးဖြစ်ထွန်းနိုင်မည့် အခွင့်အလမ်းတို့ကလည်း လက်တစ်ကမ်းမှာပင် ရှိနေသည်။

တော်လှန်ရေး (Revolution) ဟု ဆိုကာ နိုင်ငံရေးကို အကြမ်းပတမ်းလုပ်သည့် လုပ်ရပ်များ ကုန်လွန်ခဲ့သည့် ဆယ်စုနှစ်များစွာအတွင်း လုပ်ခဲ့ကြရာ မည်သည့်ရလဒ်မျှထွက်မလာဘဲ နိုင်ငံနှင့်တကွ လူမျိုးအားလုံး လွန်စွာထိခိုက်ခံစားခဲ့ကြရသည်ကို သင်ခန်းစာယူကြသင့်ပြီ ဖြစ်သည်။ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် အပေါင်းလက္ခဏာဆောင်ကာ တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်သည့် evolution နည်းလမ်းကသာ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၊ လူမျိုးစုတိုင်းရင်းသားအားလုံးအတွက် ကောင်းကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသော စိတ်ရင်းစေတနာမှန်ဖြင့် ကြိုတင်ကန့်သတ်ချက်တို့ကင်းရှင်းသည့် စားပွဲဝိုင်းဆွေးနွေးမှုများတွင် နိုင်ငံနှင့်လူမျိုး ကောင်းရာကောင်းကျိုးအတွက် ရည်သန်ကာ ငြိမ်းချမ်းမှုကို ဆောင်ကြဉ်းပေးနိုင်ကြပါစေကြောင်း။ ။




### ၂၇ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၆၉၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

❖ *ရွှေ့ဖုံးမှ*

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပညာရေးဌာနဝန်ထမ်းများ၊ သစ်တောဦးစီးဌာနဝန်ထမ်းများက သိုလှောင်ရုံသို့ စနစ်တကျ သယ်ယူပို့ဆောင်နေမှုများကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❍ *ရွှေ့ဖုံးမှ*

တည်ဆဲ ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ပထမပိုင်းအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၆-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ကနဦးမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်သည်အထိ မှတ်ပုံတင်လုပ်ငန်းများ လာရောက်ဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဒုတိယပိုင်းအနေဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသော ယာဉ်များသည် ၃၁-၁၂-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ပြီးပြတ်အောင်ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈ - ၆ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၁၅ | ၃၇၇၀ | ၃၇၂၀ | ၃၆၃၀ | ၃၇၇၀ | ၃၇၈၅ | ၃၈၂၀ | ၃၇၀၀ | ၄၀၆၅ | ၄၀၉၅ | ၃၇၂၀ | ၃၈၇၅ | ၃၈၁၀ | ၃၇၇၀ | ၃၇၈၀ | ၄၀၁၀ |
| 95 Ron | ၃၆၉၅ | ၃၈၅၀ | ၃၈၀၀ | ၃၇၁၅ | ၃၈၅၅ | ၃၈၇၀ | ၃၉၀၅ | ၃၇၈၀ | ၄၁၅၀ | ၄၁၈၀ | ၃၈၀၅ | ၃၉၇၀ | ၃၈၉၅ | ၃၈၅၀ | ၃၈၆၀ | ၄၀၉၀ |
| HSD (500 ppm) | ၃၅၃၅ | ၃၆၀၀ | ၃၆၃၅ | ၃၅၅၀ | ၃၆၈၅ | ၃၇၀၀ | ၃၇၃၀ | ၃၆၁၅ | - | ၃၉၉၅ | ၃၆၃၅ | ၄၀၂၀ | ၃၇၂၀ | ၃၆၈၀ | ၃၆၉၅ | ၃၉၁၀ |
| HSD (50 ppm) | ၄၁၉၀ | ၄၃၄၅ | ၄၂၉၅ | ၄၂၀၅ | ၄၃၅၀ | ၄၃၆၅ | ၄၃၉၅ | ၄၂၇၅ | ၄၆၄၀ | ၄၆၇၀ | ၄၂၉၅ | ၄၄၇၀ | ၄၃၈၅ | ၄၃၄၅ | ၄၃၅၅ | ၄၅၈၅ |
| HSD (10 ppm) | ၄၁၉၀ | ၄၃၄၅ | ၄၂၉၅ | ၄၂၀၅ | ၄၃၅၀ | ၄၃၆၅ | ၄၃၉၅ | ၄၂၇၅ | | ၄၆၇၀ | ၄၂၉၅ | ၄၄၇၀ | ၄၃၈၅ | ၄၃၄၅ | ၄၃၅၅ | ၄၅၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၁၉ | ၃၅၂၁ |
| 95 Ron | ၃၅၀၀ | ၃၆၀၄ |
| HSD (500 ppm) | ၃၃၅၅ | ၃၄၅၁ |
| HSD (50 ppm) | ၃၉၇၇ | ၄၀၈၇ |
| HSD (10 ppm) | ၃၉၇၇ | ၄၀၈၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဟန်လင်းအောင် | အကြီးတန်း | - ကျော်သူဝင်း၊ တင်မောင်လွင်၊ |
| စာတည်းမှူး | - ခင်ရတနာ | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| စာတည်းများ | - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ |
| | | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | | |
| စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ | | |

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ (World MSME Day) အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

- **စိုက်ပျိုးမွေးမြူရေး ဒေသထွက်ကုန်ကြမ်းအခြေပြု MSME ကုန်ထုတ်လုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခြေခံမောင်းနှင်ပေးသည့် အင်အားတစ်ရပ်ဖြစ်**
- **ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလုပ်အကိုင်အများဆုံး ဖန်တီးပေးနိုင်ရုံသာမက ဒေသတွင်းစီးပွားရေးလည်ပတ်မှုကိုလည်း ပိုမိုအားကောင်းစေပြီး ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုက်ရိုက်အထောက်အကူပြုနေသည့် လုပ်ငန်းများလည်းဖြစ်**

◆ *ရွှေဖုံးမှ*

ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအေဂျင်စီဥက္ကဋ္ဌများ၊ အသင်းအဖွဲ့များ၊ MSME လုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက အခမ်းအနားအထိမ်းအမှတ်ဂုဏ်ပြုသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် **"နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"** ဟူသည့် ဆောင်ပုဒ်အတိုင်း စိုက်ပျိုးမွေးမြူရေး ဒေသထွက်ကုန်ကြမ်းအခြေပြု MSME ကုန်ထုတ်လုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခြေခံမောင်းနှင်ပေးသည့် အင်အားတစ်ရပ်ဖြစ်ကြောင်း၊ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလုပ်အကိုင်အများဆုံး ဖန်တီးပေးနိုင်ရုံသာမက ဒေသတွင်းစီးပွားရေးလည်ပတ်မှုကိုလည်း ပိုမိုအားကောင်းစေပြီး ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုက်ရိုက်အထောက်အကူပြုနေသည့် လုပ်ငန်းများလည်းဖြစ်ကြောင်း။

ကုလသမဂ္ဂ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် MSME များသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြကြောင်း၊ ထို့ကြောင့် ကမ္ဘာ့စီးပွားရေးမဏ္ဍိုင်နှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများတွင် အရေးပါလှသည့် MSME လုပ်ငန်းများကို အသိအမှတ်ပြုသည့် အနေဖြင့် ၂၀၁၇ ခုနှစ်၊ ဧပြီလ (၆) ရက်နေ့ ကုလသမဂ္ဂ၏အထွေထွေညီလာခံ အစည်းအဝေးတွင် နှစ်စဉ် ဇွန်လ (၂၇) ရက်နေ့ကို **"World MSME Day"** အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း။

**MSME လုပ်ငန်းများကို အားပေးမြှင့်တင်**

MSME ကဏ္ဍသည် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုစသည့် လုပ်ငန်းများအားလုံး ပါဝင်နေသောကြောင့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှု (GDP) တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင်လည်း များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို လက်တွေ့ကျကျ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်နှင့် မိမိတို့နိုင်ငံ၏ အခြေခံကျောရိုးဖြစ်သည့် MSME ကဏ္ဍကို အရှိန်အဟုန်မြှင့် အားပေးဆောင်ရွက်ရန်အတွက် **"စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန"** ကို မိမိတို့အစိုးရသစ်တွင် စတင်တိုးချဲ့ပြင်ဆင်ဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းသည် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် MSME ကဏ္ဍကို စနစ်တကျဖြင့် ပြောင်မြောက်စွာ တိုးတက်စေချင်သည့် နိုင်ငံတော်၏ မျှော်မှန်းချက်၊ ဦးတည်ချက်နှင့် သန္နိဋ္ဌာန်ကို ပြသခြင်းပင်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာပေါ်တွင်ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် MSME များဖြစ်ပြီး အလုပ်အကိုင်ဖန်တီးပေးမှု အပိုင်း၌ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းနှင့် GDP ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိနေကြောင်း ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂ၏ အချက်အလက်များအရ လေ့လာသိရှိရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် MSME လုပ်ငန်းများဖြစ်နေပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်မှုအနေဖြင့် ၇၀ ရာခိုင်နှုန်းခန့်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် MSME ကဏ္ဍဖွံ့ဖြိုးရေးသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် မဖြစ်မနေ လုပ်ဆောင်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ရှုမြင်ပြီး အားလုံးကဝိုင်းဝန်းပါဝင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

ယင်းနေရာတွင် အလေးအနက် မှာကြားလိုသည်မှာ ကုန်ထုတ်လုပ်မှုကဏ္ဍ အဆင်ပြေချောမွေ့ပြီး MSME ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြန်အလှန်ချိတ်ဆက်နေသည့် အဓိကမဏ္ဍိုင်ကြီး(၄)ရပ်ဖြစ်သည့် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်တို့ တိုးတက်မြင့်မားအောင် ကြိုးစား လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သကဲ့သို့ MSME လုပ်ငန်းလုပ်ကိုင်ရာတွင်လည်း စိန်ခေါ်မှုများစွာရှိကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပုဂ္ဂလိကများအနေဖြင့် တစ်ဦးချင်းလုပ်ဆောင်ရာတွင် အခက်အခဲရှိနိုင်ကြောင်း၊ အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် စုပေါင်းလုပ်ဆောင်သည့် စနစ်၊ စိတ်တူသဘောတူများ သမဝါယမပုံစံနှင့် လုပ်ဆောင်ခြင်းဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ကြောင်း။

ကုန်ကြမ်းအနေဖြင့် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သောကြောင့် ပြည်တွင်း၌ အလွယ်တကူရရှိနိုင်သည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အပြည့်အဝအသုံးချကြရမည်ဖြစ်ကြောင်း၊ သွင်းအားစုများဖြစ်သည့် စက်သုံးဆီ၊ လျှပ်စစ်မီး၊ မြေဩဇာနှင့် ကုန်ထုတ်လုပ်မှုစက်ကိရိယာအစိတ်အပိုင်းများကိုလည်း သင့်တော်သည့်နည်းလမ်းများဖြင့် တီထွင်ကြံဆပြီး လုပ်ဆောင်ကြရန် လိုကြောင်း၊ အထူးသဖြင့် ကုန်ထုတ်လုပ်မှုစရိတ်စကများကို ဖြစ်နိုင်သမျှ လျှော့ချပေးနိုင်ရန်နှင့် ကုန်ထုတ်စွမ်းအားကို ပိုမိုတိုးတက်လာရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများကို ဖြည့်ဆည်းပေးနိုင်ရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက အထူးအလေးထားဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။

**တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ပြောင်းလဲထုတ်လုပ်**

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး လုပ်ကိုင်နေကြသည့် နိုင်ငံဖြစ်သောကြောင့် ပြည်တွင်းရှိ MSME လုပ်ငန်းများအတွက် အလွယ်တကူရရှိနိုင်သည့် သဘာဝသယံဇာတနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံ ဒေသထွက်ကုန်ကြမ်းများကို အသုံးပြုသည့် ကုန်ထုတ်လုပ်မှုကို အဓိကတွန်းအားပေးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ သာမန်လုပ်ရိုးလုပ်စဉ် စိုက်ပျိုးမွေးမြူထုတ်ကုန်များကို မူလကုန်ကြမ်းအခြေအနေအတိုင်း ရောင်းချမှုအဆင့်မှ ခေတ်မီနည်းပညာများအသုံးပြုပြီး တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများ ပြောင်းလဲ ထုတ်လုပ်နိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ပြည်ပမှ တင်သွင်းနေရသည့် စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို ကြည့်ပါက အများစုသည် မိမိတို့နိုင်ငံ၌လည်း ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများကို အခြေခံထားသည်ကိုတွေ့ရကြောင်း၊ မိမိတို့တွင်ရှိပြီးဖြစ်သည့် ကုန်ကြမ်းများကို အပြည့်အဝအသုံးချပြီး အရည်အသွေးမီထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှကုန်ချောတင်သွင်းနေရမှုကို လျှော့ချနိုင်မည့်အပြင် သွင်းကုန်အစားထိုးခြင်းကိုလည်း လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့၏ မျှော်မှန်းချက်သည် Agro-based Industry ထူထောင်နိုင်ရေးဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးသက်သက်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန် မလွယ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတွင်ရှိပြီးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောကုန်ထုတ်လုပ်မှုမှနေ၍ စက်မှုလုပ်ငန်းများကို MSME နှင့် မြှင့်တင်ရမည် ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ဝါးကို အခြေခံပြီး စက္ကူ၊ ပျော့ဖတ်၊ အထည်နှင့် အသုံးအဆောင်ပစ္စည်း၊ ရော်ဘာကို

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၃ မှ*

အခြေခံသည့် အလုံးစုံသော သုံးကုန်ပစ္စည်းထုတ်လုပ်ခြင်းများသည် Agro-based Industry များအချို့သာဖြစ်ကြောင်း။

လက်ရှိအချိန်တွင် ပြည်တွင်း MSME များသည် ကမ္ဘာ့ MSME များနည်းတူ ငွေကြေးအရင်းအနှီး၌ အခက်အခဲများရှိနေခြင်း၊ နည်းပညာ နောက်ကျနေခြင်း၊ ဈေးကွက်ဝင်ရောက်နိုင်မှု အားနည်းခြင်း၊ ကျွမ်းကျင်လုပ်သားမလုံလောက်ခြင်း၊ ထောက်ပံ့ဖြည့်ဆည်းမှုကွင်းဆက် (Supply Chain) အားနည်းခြင်း၊ ကမ္ဘာ့စီးပွားရေးဆိုင်ရာ သက်ရောက်မှုများ ကြုံတွေ့နေရခြင်း စသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေကြရဆဲဖြစ်ကြောင်း၊ ယင်းအခက်အခဲများကို ကျော်လွှားပြီး အခွင့်အလမ်းအဖြစ် ပြောင်းလဲကာ ကမ္ဘာ့ဈေးကွက်တွင် နေရာတစ်ခုရရှိအောင် ကြိုးပမ်းအားထုတ်ကြရန် လိုကြောင်း၊ ဒေသန္တရအစိုးရအဖွဲ့များ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထူးချွန်အဆင့်(၁) MSME လုပ်ငန်းရှင်တစ်ဦးအား ဂုဏ်ပြုတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထူးချွန်အဆင့်(၁) MSME လုပ်ငန်းရှင်တစ်ဦးအား ဂုဏ်ပြုတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။



ဒုတိယသမ္မတ ဦးညိုစော ထူးချွန်အဆင့်(၂) MSME လုပ်ငန်းရှင်တစ်ဦးအား ဂုဏ်ပြုတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ထူးချွန်အဆင့်(၂) MSME လုပ်ငန်းရှင်တစ်ဦးအား ဂုဏ်ပြုတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

**❝ MSME လုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ငွေကြေးစီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးအတွက် ဒီဂျစ်တယ် ငွေပေးချေမှုစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်း၊ မိမိတို့၏ ကုန်ပစ္စည်းများကို ဒေသတွင်းမှ ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်နိုင်ရေးအတွက် ဒီဂျစ်တယ်ရောင်းဝယ်ဖောက်ကားမှု ပလက်ဖောင်း (E-commerce Platforms) များကို လက်တွေ့အသုံးချပြီး ဈေးကွက်ရှာဖွေခြင်းတို့ကို ဆက်လက်လုပ်ဆောင်သွားကြရန်လိုအပ် ❞**

လုပ်ငန်းကွန်ရက်များ အနေဖြင့် လုပ်ငန်းရှင်များအတွက် ကုန်ကြမ်းသေချာစွာ ရရှိစေရေး၊ ငွေကြေးအရင်းအနှီး လွယ်ကူစေရေးနှင့် ဒီဂျစ်တယ် နည်းပညာသင်တန်းများ ရရှိနိုင်ရေးအတွက် ခိုင်မာသည့် ဝန်းကျင်ကောင်းတစ်ခုကို ဝိုင်းဝန်းတည်ဆောက်ပေးကြရမည်ဖြစ်ကြောင်း၊ တီထွင်ဆန်းသစ်သူများ၊ စိုက်ပျိုးရေး မွေးမြူရေး ကုန်ထုတ်လုပ်သူများမှ အစပြု၍ ဝန်ဆောင်မှုပေးနေသူများအထိ MSME လုပ်ငန်းရှင်အားလုံးသည် ယင်းစီးပွားရေးစိန်ခေါ်မှုများကြားမှ ကြံ့ကြံ့ခံပြီး အလုပ်အကိုင်များ ဖန်တီးပေးနေသည်ကို တွေ့ရသည့်အတွက် အလေးအနက် အသိအမှတ်ပြုကြောင်း။

မိမိတို့နိုင်ငံတွင်း ထုတ်လုပ်မှုစွမ်းအားများကို မြှင့်တင်ပြီး သွင်းကုန်အစားထိုးခြင်းနှင့် ပို့ကုန်ဦးတည်သည့် အရည်အသွေးမြင့်ကုန်ထုတ်လုပ်မှုများကို ဦးတည်လုပ်ကိုင်ခြင်းအားဖြင့် အမှီအခိုကင်းပြီး ကိုယ့်အားကိုယ်ကိုးကာ ခိုင်မာတောင့်တင်းသည့် နိုင်ငံ့စီးပွားရေးကို တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတစ်ဝန်းလုံးတွင် ဒေသတစ်ခုနှင့်တစ်ခု ရာသီဥတု၊ မြေဆီလွှာနှင့် ထွက်ရှိသည့် သဘာဝသယံဇာတချင်းမတူညီသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဒေသတစ်ခုချင်းစီ၌လည်း အားသာချက်ကိုယ်စီရှိနေကြကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်ရှိသည့် MSME များကို ထိထိရောက်ရောက် တိုးတက်စေလိုပါက **"ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP)"** စနစ်ကို အားစိုက်ကြိုးပမ်း လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း။

**ဈေးကွက်ရှာဖွေဆောင်ရွက်**

ယခုနှစ် World MSME Day ကို နှစ်ရက်တာကျင်းပပြီး MSME လုပ်ငန်းရှင်များအနေဖြင့် ခေတ်မီဒီဂျစ်တယ် နည်းပညာများနှင့် အလှမ်းမဝေးစေရေး ဒီဂျစ်တယ်နည်းပညာသုံးစွဲမှုကို မြှင့်တင်အားပေးသည့် အထူးအစီအစဉ်များကို ထည့်သွင်းပံ့ပိုးပေးထားကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍများတွင် ငွေကြေးစီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးအတွက် ဒီဂျစ်တယ် ငွေပေးချေမှုစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်း၊ မိမိတို့၏ ကုန်ပစ္စည်းများကို ဒေသတွင်းမှ ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်နိုင်ရေးအတွက် ဒီဂျစ်တယ် ရောင်းဝယ်ဖောက်ကားမှု ပလက်ဖောင်း (E-commerce Platforms)များကို လက်တွေ့အသုံးချပြီး ဈေးကွက်ရှာဖွေခြင်းတို့ကို ဆက်လက်လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် MSME လုပ်ငန်းရှင်များ၊ အထူးသဖြင့် လူငယ်စံပြလုပ်ငန်းရှင်များကို ဒီဂျစ်တယ်နည်းပညာများတွင် သေချာစွာနားလည် သဘောပေါက်ပြီး လက်တွေ့အသုံးချနိုင်ရေးအတွက် နည်းပညာပံ့ပိုးမှုများဖြင့် လုပ်ငန်းကွန်ရက် ချိတ်ဆက်မှုများအားကောင်းခိုင်မာရေး ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**အောင်မြင်မှုရရှိသည်အထိ ရှေ့သို့ ချီတက်ကြရမည်**

မိမိတို့နိုင်ငံ၏ စီးပွားရေးစနစ်တစ်ခုလုံးကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာရန်ဆိုပါက သီးခြားစီဖြစ်နေပြီး အမျိုးအစားတူသည့် MSME လုပ်ငန်းများကို စုစည်းပြီး အောင်မြင်မှုရရှိသည်အထိ ရှေ့သို့ဆက်လက် ချီတက်ကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းတစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်ပံ့ပိုးပေးနိုင်သည့် Supply Chain Mechanism ကို ခိုင်ခိုင်မာမာ တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် MSME လုပ်ငန်းများနှင့် အကြီးစားစက်မှုလုပ်ငန်းများအကြား ခိုင်မာသည့် ကုန်ထုတ်လုပ်မှုကွင်းဆက်ကွန်ရက်တစ်ခု ဖြစ်ပေါ်လာအောင် ချိတ်ဆက်ပေးသွားကြရန် လိုအပ်ကြောင်း၊ စက်ရုံကြီးများအတွက် လိုအပ်သည့် စက်အစိတ်အပိုင်းများ၊ တစ်ဝက်တစ်ပျက်ကုန်ကြမ်းများနှင့် ထုပ်ပိုးပစ္စည်းများကို ပြည်ပမှ မှာယူတင်သွင်းနေမည့်အစား အရည်အသွေးမီသည့် ပြည်တွင်း MSME ထုတ်ကုန်များကို ဝယ်ယူအသုံးပြုပြီး ကုန်ချောထုတ်လုပ်သည့် စနစ်မျိုးကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများတွင် တစ်ခုနှင့်တစ်ခု ကွင်းဆက်မပြတ် အချိတ်အဆက်မိမိ ပူးပေါင်း ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း။

ထို့အပြင် MSME လုပ်ငန်းရှင်များအချင်းချင်း အတွေ့အကြုံဖလှယ်ခြင်းနှင့် ကုန်ထုတ်လုပ်မှုနည်းပညာများ၊ မျှဝေဖလှယ်မှုများကိုလည်း စဉ်ဆက်မပြတ်လုပ်ဆောင်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ MSME လုပ်ငန်းများ ခေတ်မီတိုးတက်ရန်နှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရန် အတွက် ဆိုပါက အစိုးရနှင့်ပုဂ္ဂလိကအသင်းအဖွဲ့များအကြား ခိုင်မာသည့် မိတ်ဖက် ဆက်ဆံရေးကိုလည်း တည်ဆောက်ထားရမည် ဖြစ်ကြောင်း၊ ဆက်လက်ပြီး ကမ္ဘာ့ဈေးကွက်အထိ တင်ပို့နိုင်ရေးအတွက် နိုင်ငံတကာနှင့်ချိတ်ဆက်နိုင်မည့် Global Partnership အတွက်ကိုပါ ရည်မှန်းထားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အားလုံးပါဝင်နိုင်သည့် စီးပွားရေးစနစ်များ ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် ဘဏ္ဍာရေးအရင်းအမြစ်များနှင့် နည်းပညာဆိုင်ရာ ဗဟုသုတများကို အစဉ်သဖြင့် ဝေမျှပေးနိုင်မည့် ဒီဂျစ်တယ် ပလက်ဖောင်းများကိုလည်း ဖန်တီးပေးသွားမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့အခမ်းအနား အထိမ်းအမှတ်အဖြစ်ပြသထားသည့် MSME ထုတ်ကုန်ပစ္စည်းပြခန်းများအား စိတ်ပါဝင်စားစွာ ကြည့်ရှုစဉ်။

*စာမျက်နှာ ၄ မှ*

ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် ကုန်ထုတ်လုပ်မှုနယ်ပယ် အသီးသီးတွင် ဒေသအလိုက် လုပ်ငန်းကဏ္ဍ ချိတ်ဆက်မှုများ ပီပြင်စွာ ဖော်ဆောင်နိုင်စေရေး အတွက် လုပ်ငန်းရှင်ကြီးများနှင့် လုပ်ငန်းရှင်ငယ်များအကြား ပေါင်းကူးတံတားသဖွယ် စနစ်တကျ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များသည် မိမိတို့နိုင်ငံ စီးပွားရေး၏ ပဓာနကျသည့် ကျောရိုးမဏ္ဍိုင်ကြီးဖြစ်ကြောင်း၊ ယင်းကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲပြီး ပိုမိုရှင်သန်ဖွံ့ဖြိုးလာစေခြင်းသည် မိမိတို့နိုင်ငံ၏ စီးပွားရေး အင်အား တောင့်တင်းလာစေရုံတင်မက ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝနှင့် မိသားစုဝင်ငွေများကို တိုက်ရိုက်မြင့်မားတိုးတက်လာစေမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် ရှိသည့် အသေးစား၊ အငယ်စားလုပ်ငန်းရှင်များ၊ စတင်ပျိုးထောင်စလုပ်ငန်း(Startup)တည်ထောင်သူများနှင့် MSME လုပ်ငန်းများအားလုံးကို နိုင်ငံတော်ကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း၊ လုပ်ငန်းများ၏ တီထွင်ဖန်တီးမှု၊ ကြိုးစားအားထုတ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့သည် မိမိတို့၏ မြို့ရွာဒေသများကို ပြောင်းလဲတိုးတက်စေရုံတင်မက နိုင်ငံတော်၏ စီးပွားရေး တစ်ခုလုံးကို ရှေ့သို့မောင်းနှင်ပေးနေခြင်းလည်း ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်တွင်း MSME လုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာပြီး ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်ယှဉ်ပြိုင်နိုင်စွမ်း ရှိလာအောင် အစွမ်းကုန်ဆက်လက်ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းကို ထပ်လောင်း ပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံသည် သဘာဝ အရင်းအမြစ်မျိုးစုံ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သကဲ့သို့ လူသားအရင်းအမြစ်လည်း ပြည့်စုံသည့် နိုင်ငံဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို ပုဂ္ဂလိကနှင့် သမဝါယမပုံစံများဖြင့် အရှိန်မြှင့်ဆောင်ရွက်ခြင်းဖြင့် အလုပ်လုပ်နိုင်သည့် အသက်အရွယ် အားလုံးအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာဖြစ်ပေါ်စေပြီး တစ်ဦးချင်း ဝင်ငွေရရှိမှု၊ အမိမြေ၏ အေးမြသည့် အရိပ်အာဝါသအောက်တွင် စိတ်ချမ်းသာစွာနေရမှု၊ မိသားစု၏ လူမှုစီးပွားများ မြှင့်တင်ပေးနိုင်မှု၊ ဆင်းရဲမွဲတေမှုကိုလျှော့ချပေးနိုင်မှု အစရှိသည့် များစွာသော အကျိုးဆက်များ ခံစားရမည်ဖြစ်ကြောင်း၊ နည်းပညာနှင့် အရင်းအနှီးကို ဟန်ချက်ညီအောင် ပံ့ပိုးပေးနိုင်မည်ဆိုပါက မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သည် မလွဲမသွေ ရောက်ရှိလာနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် အားလုံး အလုပ်လုပ်ကြရန်သာလိုကြောင်း၊ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုမှ တစ်ဆင့် သူ့အကျိုးကိုယ့်အကျိုး အပြန်အလှန် အကျိုးပြုရုံမျှမက နိုင်ငံတော်၏ အကျိုးစီးပွားအတွက်ကိုပါ ဖော်ဆောင်ပေးရာ ရောက်မည်ဖြစ်ပြီး Win-Win Win Situation အခြေအနေ ရောက်ရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုနှစ် ကမ္ဘာ့ MSME နေ့၏ ဦးတည်ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ အနာဂတ်မျိုးဆက်သစ်လူငယ်လုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်သူများအားလုံး ခေတ်မီနည်းပညာများ၊ တီထွင်ဆန်းသစ်မှုများနှင့် နိုင်ငံတော်က ပံ့ပိုးပေးထားသည့် အခွင့်အလမ်းများကို အမိအရ ဆုပ်ကိုင်ပြီး ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ပြည်တွင်းဖူလုံရုံတင်မက ကမ္ဘာ့အဆင့်အထိ အရည်အသွေးမြှင့်တင်ပြီး ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ထူးချွန်အဆင့်(၁) MSME လုပ်ငန်းများဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ Heal-thy & Happy စားသောက်ကုန် (အသေးစား) လုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သလ္လာဝတီ ကုမ္ပဏီလီမိတက် စားသောက်ကုန်(အလတ်စား)လုပ်ငန်း၊ ရှမ်းပြည်နယ်မှ ခိုင်မေတ္တာဆေးရုံ ကျန်းမာရေးဝန်ဆောင်မှု (အလတ်စား)တို့အား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက ထူးချွန်အဆင့်(၂) MSME လုပ်ငန်းသုံးခု၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ထူးချွန်အဆင့်(၂) MSME လုပ်ငန်းသုံးခု၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ထူးချွန်အဆင့် (၃) MSME လုပ်ငန်းသုံးခု၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက ထူးချွန်အဆင့်(၃) MSME လုပ်ငန်းသုံးခု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ထူးချွန်အဆင့်(၃) MSME သုံးခုတို့အား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် MSME ဖွံ့ဖြိုးတိုးတက်ရေး မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ အထိမ်းအမှတ်လက်ဆောင်အား နေရာအရောက် ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားတက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ နေ့အခမ်းအနား အထိမ်းအမှတ်အဖြစ် ဗဟိုကော်မတီနှင့်လုပ်ငန်း ကော်မတီ ပြခန်းများ၊ ဗဟိုကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာန ပြခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် MSME ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှု လုပ်ငန်းပြခန်းများ၊ အသင်းအဖွဲ့များအလိုက် ပြခန်းများ စုစုပေါင်း ပြခန်းပေါင်း ၁၄၉ ခန်းတွင် ခင်းကျင်းပြသထားသည့် ဒေသထွက် စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများ၊ မြန်မာ့ရိုးရာလက်မှုပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများ၊ ဓာတ်မြေဩဇာများ၊ မျိုးစေ့များနှင့် အခြားပြည်တွင်း MSME လုပ်ငန်းများမှ ထုတ်လုပ်ထားသည့် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ထူးချွန်အဆင့်(၃) MSME လုပ်ငန်းရှင်တစ်ဦးအား ဂုဏ်ပြုတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ထူးချွန်အဆင့်(၃) MSME လုပ်ငန်းရှင်တစ်ဦးအား ဂုဏ်ပြုတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ထူးချွန်အဆင့်(၃) MSME လုပ်ငန်းရှင်တစ်ဦးအား ဂုဏ်ပြုတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

# မြေဆီစိုခိုက် ထာဝရဇရပ်တွေ စိုက်ကြပါစို့

ဒေါက်တာမောင်သင်း

အပင်သည် ကျွန်ုပ်တို့အား
အစားအစာ၊ အမိုး၊ အကာ၊ အိုးအိမ်၊ အသုံးအဆောင်နှင့်
အဝတ်အထည်ကို ပေး၏။
အသီး၊ အရွက်၊ အမြစ်၊ အခေါက်၊ သစ်ဥတို့အား
ဆေးဝါးအဖြစ်လည်း သုံးခွင့်ပြုပြန်သေးသည်။
ထို့အပြင်
မိမိအား ခုတ်၊ လှဲ၊ သတ်၊ မီးရှို့ဖျက်ဆီးခဲ့လျှင်လည်း
ရန်တုံ့မူခြင်း အလျဉ်းမရှိ
သည်းခံတရားအား ကျွန်ုပ်တို့ကို ပေးပြန်သည်။
ဤသည်ကား
အပင်များ၏ ကျွန်ုပ်တို့အပေါ်တွင် ထားရှိသည့်
ကြီးမားမွန်မြတ်သော ကျေးဇူးတရားပေတည်း။

(မြတ်ဗုဒ္ဓ)

**လူသားတွေ ဘာကြောင့်သစ်ပင်စိုက်ပျိုးသင့်ပါသလဲ**

၁၃-၆-၂၀၂၆ ရက်နေ့က ပထမအကြိမ်အဖြစ် နိုင်ငံတော်သမ္မတကြီး ဦးဆောင်ပြီး တစ်နိုင်ငံလုံးတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း သစ်ပင်ပေါင်း ၈၀၅၂၀ ကို စိုက်ပျိုးခဲ့ပါသည်။ ဒုတိယအကြိမ်ကို ၂၅-၆-၂၀၂၆ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးကပင် ဦးဆောင်ကျင်းပခဲ့ကာ သစ်ပင် ၃၀၀၀ ကို နေပြည်တော်၌ စိုက်ပျိုးခဲ့ပါသည်။ ယခုနှစ်တွင် သစ်ပင်ပေါင်း ၂၁ ဒသမ ၃၆ သန်းကို ရှင်သန်အောင် စိုက်ပျိုးသွားကာ နှစ်စဉ်တိုးတက်စိုက်ပျိုး၍ နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းကျော် သစ်တောဖုံးလွှမ်းစေရန် ရည်မှန်းချက်ထားရှိပါသည်။ အဆိုပါရည်မှန်းချက် အောင်မြင်ရန်အတွက် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့"**ဟူသည့် မူဝါဒဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

ဘာကြောင့်များ လူသားတွေ သစ်ပင်စိုက်ရပါသလဲ။ အကြမ်းဖျင်း ဖြေဆိုရလျှင် သာယာဖို့၊ အသက်ရှင်ဖို့၊ ကျန်းမာသက်ရှည်ဖို့၊ စားနပ်ရိက္ခာဖူလုံဖို့၊ သဘာဝဘေးတွေ ကင်းဝေးဖို့... စသည်ဖြင့် အားလုံးရေရှည်ကောင်းကျိုးခံစားရဖို့ပါ။ ကမ္ဘာနှင့်ချီပြောရလျှင် ဤကမ္ဘာကို ကယ်တင်ဖို့ပါ။ ဂြိုဟ်ကြီး ရှစ်လုံးတွင် ကမ္ဘာဂြိုဟ်ဟာ တစ်ခုတည်းသော အစိမ်းရောင်ဂြိုဟ် (Green Planet) ပါ၊ ပြီးတော့လည်း သက်ရှိတွေ ရှင်သန်နိုင်သည့် ဂြိုဟ်လည်းဖြစ်ပါသည်။ ဘာကြောင့်လဲဆိုတော့ သက်ရှိများ ရှင်သန်နိုင်သည့် သင့်တင့်မျှတသည့် အပူချိန်ရှိလို့ပါ။ ပူလွန်းခြင်း၊ အေးလွန်းခြင်း ကင်းလို့ပါပဲ။ ထိုသို့ သက်ရှိများ နေထိုင်အသက်ရှင်နိုင်သည့် အပူချိန် (Life Zone Temperature) ဖြစ်အောင်နှင့် အစိမ်းရောင်ဂြိုဟ်ဖြစ်အောင် ဖန်တီးပေးထားခြင်းက အပင်များဖြစ်ပါသည်။ အပင်ရှိ၍ အစိမ်းရောင်ကမ္ဘာ၊ အပင်ရှိ၍ လူနှင့်သက်ရှိများ ရှင်သန်နိုင်ကြသည်မို့ အမြော်အမြင်ကြီးသည့် နိုင်ငံ့အကြီးအကဲက ဦးဆောင်ပြီး မြန်မာနိုင်ငံသားများနှင့် သက်ရှိများ ဆက်လက်ရှင်သန်ရေး မြော်တွေးပြီး သစ်ပင်စိုက်နေကြတာပါ။

**ဗုဒ္ဓမြင်သည့် အပင်တို့၏ ကျေးဇူးတရား**

ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ကျေးဇူးတရားများသည် လူသားများအပေါ် အပင်များ၏ ကျေးဇူးတရားကြီးမားပုံကို မြတ်စွာဘုရားကိုယ်တော်တိုင် ချီးကျူးထားသည့် စကားရပ်လေးပါ။ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၏ တစ်ဖက်ကမ်း ဂင်္ဂါမြစ်လက်တက်ကလေး၏ ဘေးတွင်တည်ရှိသော Howa မြို့ကလေးရှိ ကမ္ဘာကျော် Roxburg ရုက္ခဗေဒဥယျာဉ်အတွင်း တည်ထားသည့် ကျောက်စာတိုင်၌ အထက်ပါစာတန်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသည်ကို တွေ့မြင်နိုင်ပါသည်။

ရုက္ခဗေဒပညာရှင် Roxburg စတင်တည်ထောင်ခဲ့သည့် ဥယျာဉ်ပါ။ ဥယျာဉ်နာမည်က ဟောင်ဝါမြို့လေးဘေး၌ရှိ၍ ဟောင်ဝါဥယျာဉ်ဟုသာ အလွယ်တကူခေါ်ကြပါသည်။ အဆိုပါဥယျာဉ် ကမ္ဘာကျော်ရခြင်းမှာ ညောင်ပင်တစ်ပင်တည်းက ဧကများစွာ ကျယ်လောက်အောင် အကိုင်းများဖြာပြီး အရိပ်ထိုးနေသည့် Great Bayan ဟု ခေါ်တွင်ရလောက်အောင် ကြီးမားသော ညောင်ပင်ကြီး တည်ရှိနေခြင်းကြောင့်ပါ။

အပင်သည် လူအပါအဝင် သက်ရှိအားလုံးကို သက်ရှိသမိုင်းအစမှသည် ယနေ့တိုင်အောင် (နောင်လည်း ထို့အတူ) ဆက်လက်အသက်ရှင်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ဖြည့်ဆည်းပေးခဲ့ပါသည်။ ထိုအကြောင်းကို လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ပွင့်ထွန်းခဲ့သည့် မြတ်စွာဘုရားက ချီးမွမ်းခဲ့ခြင်းပါ။ သူတော်စင်တို့ ချီးမွမ်းခံရရန်မှာ လွယ်ကူသော အလုပ်မဟုတ်ပါ။ လောကသားတို့အတွက် ကိုယ်ကျိုးစွန့်ပေးဆပ်ဖြည့်ဆည်းခဲ့မှုကို စဉ်ဆက်မပြတ် မမိုတ်မသုန် လုပ်ဆောင်ခဲ့လို့ပါ။

မြတ်စွာဘုရားက ချီးကျူးသည်ကို ယနေ့သိပ္ပံပညာရှင်များ၏ အမြင်ဖြင့် ချိန်းထိုးကြည့်စေချင်ပါသည်။

အပင်နှင့် သစ်တောများသည် သက်ရှိလောကသားများအတွက် အောက်ပါကောင်းကျိုးများ ဖြစ်ထွန်းစေခဲ့ပါသည်-

**(၁) နေစွမ်းအင်ကို သက်ရှိများအသုံးပြုနိုင်သည့် စွမ်းအင်သို့ ပြောင်းလဲပေးခြင်း**

ကျွန်ုပ်တို့အပါအဝင် သက်ရှိလောကသားအားလုံး အသက်ရှင်ရေးအတွက် စဉ်ဆက်မပြတ်လိုသည်မှာ စွမ်းအင်ပါ။ ကမ္ဘာမြေပြင်အတွက် စွမ်းအင်ထုတ်ပေးရာဌာနက **"သူရိယနေဝန်းကြီး"**ပါ။ အဆိုပါနေရောင်ခြည်က အပူစွမ်းအင်ကို ကျွန်တော်တို့ လူသားနှင့် အခြားသက်ရှိများ တိုက်ရိုက်သုံးစွဲ၍ မရပါဘူး။ သက်ရှိများသုံးနိုင်သည့် စွမ်းအင်ဖြစ်သော ဂလူးကို့စ်သကြားအဖြစ် ပြောင်းလဲရပါသည်။

အဆိုပါ **"စွမ်းအင်ပြောင်းလဲခြင်းဖြစ်စဉ်"** (Photosynthesis)ကို မည်သည့် သက်ရှိမှ လုပ်နိုင်စွမ်းမရှိပါ။ အပင်တစ်မျိုးတည်းကသာ Photosynthesis ကို လုပ်နိုင်ပါသည်။ အပင်မှ ဂလူးကို့စ်များများပါသော ကစီဓာတ်ကို ကျွန်တော်တို့အပါအဝင် အခြားသက်ရှိများက စားသုံးခြင်းဖြင့် ဂလူးကို့စ်စွမ်းအင်ရရှိပါသည်။ ကစီဓာတ်ကြွယ်ဝသည့်ဆန်ကို ထမင်းချက်၊ ဂျုံကို ပေါင်မုန့်ဖုတ်၊ ပြောင်းဖူး၊ အာလူး၊ ပိန်းဥ၊ ဝဥနှင့် ကန်စွန်းဥတို့ကို အမျိုးမျိုးသော အစားအစာများ လုပ်စားကြခြင်းဖြင့် စွမ်းအင်ပြည့် ဂလူးကို့စ်သကြားကို ရနိုင်ပါသည်။ ကျွဲ၊ ခြင်္သေ့၊ ကျားသစ်၊ ခွေးအ တို့လို အသားစားသတ္တဝါများက အပင်ကိုစားသုံးသည့် ယုန်၊ သမင်၊ ဒရယ် စသည်တို့ကို ဖမ်းပြီး စားသောက်ကာ ကစီဓာတ်တစ်ဆင့်ခံ စွမ်းအင်ကို ရယူပါသည်။ ဖြည့်ထားသည့် စွမ်းအင်သုံးသဖြင့် ကုန်ခန်းသွား၍ ဆက်လက်လိုတာမို့ ကျွန်တော်တို့ တစ်နေ့လျှင် ထမင်းသုံးနပ် ပျမ်းမျှစားနေကြတာပါ။

အစာမစားနိုင်လျှင် စွမ်းအင်ပြတ်ပြီး သေပါလိမ့်မည်။ သက်ရှိအားလုံး နေ့တိုင်းဆက်လက်အသက်ရှင်ရန်လိုအပ်သည့် ဂလူးကို့စ်စွမ်းအင်ကို အပင်ကသာ နေရောင်ခြည်စွမ်းအင်မှ သက်ရှိများ အသုံးပြုနိုင်သည့် စွမ်းအင်အဖြစ် ပြောင်းလဲပေးနေတာပါ။ သို့ပါသောကြောင့် ဤကမ္ဘာပေါ်၌ အပင်များသာ မရှိတော့လျှင် ကျွန်တော်တို့အပါအဝင် သက်ရှိအားလုံး စွမ်းအင်ပြတ်ပြီးသေသည့် ဘဝရောက်ကြ၊ မျိုးတုံးကြမှာဖြစ်ပါသည်။ ယနေ့ လူတို့သုံးစွဲနေသော ဆိုလာစွမ်းအင်သည် အပင်များက နေစွမ်းအင်ကို သက်ရှိများ အသုံးပြုနိုင်သည့် စွမ်းအင်သို့ ပြောင်းလဲသည့်ဖြစ်စဉ်နှင့် သဘောသဘာဝ အတူတူပင်ဖြစ်ပေသည်။

**(၂) သက်ရှိများအတွက် အောက်ဆီဂျင်ထုတ်ပေးခြင်း**

ကျွန်တော်တို့သည် သုံးစက္ကန့်လျှင် တစ်ကြိမ်လောက် ပျမ်းမျှအသက်ရှူကြရပါသည်။ အသက်ရှူခြင်းမှာ လေထဲမှ အောက်ဆီဂျင်ကို ရှူခြင်းပါ။ ကမ္ဘာဦးအစတွင် အောက်ဆီဂျင်ဆိုတာ လေထဲမှာ လုံးဝမရှိပါ။ အပင်များက အထက်မှာရေးခဲ့သလို နေရောင်ခြည်စွမ်းအင်ကို သက်ရှိများ အသုံးပြုနိုင်သော ဂလူးကို့စ်သကြားဖွဲ့စည်းသည့် ဖြစ်စဉ်တွင် အောက်ဆီဂျင်ကို လေထဲသို့ ထုတ်လွှတ်ပါသည်။ ထိုအချိန်မှစပြီး လေထုထဲမှာ အောက်ဆီဂျင်ကြွယ်ဝလာပါတော့သည်။ ဤကမ္ဘာပေါ်ရှိ မည်သည့်သက်ရှိ၊ ဒြပ်စင်၊ ရုပ်ဝတ္ထုကမှ အောက်ဆီဂျင်ကို ထုတ်ပေးနိုင်စွမ်းမရှိပါ။ အပင်မှသာ ထုတ်ပေးနိုင်ခြင်းဖြစ်၍ သုံးစက္ကန့်တိုင်းတစ်ခါ အသက်ရှူပြီး အောက်ဆီဂျင်ကို ရှူနေကြရသည့် ကျွန်တော်တို့ သက်ရှိများ၏ ကျေးဇူးရှင်က အပင်သာလျှင်ဖြစ်ပေသည်။ ထို့အတူ ခွေး၊ နွား၊ ကြောင်၊ ဆိတ် စသည့်သက်ရှိများလည်း အသက်ရှူတာမို့ အပင်များက သက်ရှိအားလုံးအတွက် စက္ကန့်တိုင်းအသက်ရှင်အောင် စွမ်းဆောင်ပေးနေသည့် သက်ရှိဖြစ်ပါသည်။

**(၃) မျှတသော ရာသီဥတုဖြစ်ပေါ်စေခြင်း**

(က) ရေခိုးရေငွေ့ကြွယ်ဝခြင်း

အပင်များ၏ အရွက်များမှ အမြဲတမ်း ရေခိုးရေငွေ့များ ထုတ်လွှတ်ပါသည်။ ရာသီဥတုပူပြင်းလေလေ ရေခိုးရေငွေ့ ပိုထုတ်လွှတ်လေပါ။ ဘယ်လောက်အမြင့်ဆုံးထုတ်လွှတ်သလဲဆိုရင် အမြစ်မှ စုပ်ယူထားသော ရေ၏ ၉၇ ရာခိုင်နှုန်း ပြန်ထုတ်တတ်ပါသည်။ အမြဲတမ်း ထုတ်နေခြင်းတော့မဟုတ်ပါ။ အပင်များသည် တခြားသက်ရှိများ စားသုံးရန် သကြားဖွဲ့စည်းသည့်ဖြစ်စဉ်မှာ နေမှ အပူဓာတ်ကို စုပ်ယူအသုံးပြုရပါသည်။ သို့ဖြစ်၍ သစ်ပင်သစ်တောများ၏ ပတ်ဝန်းကျင်သည် အပူဓာတ်လွှန်ကဲခြင်းမရှိပါ။ သစ်ပင်သစ်တောများသည် ရေခိုးရေငွေ့ပါလာသည့်လေကို ထိန်းထားနိုင်သည်မို့ မိုးရွာသွန်းခြင်းကို ဖြစ်ပေါ်စေပါသည်။ ထို့ပြင် အပူပိုင်းသစ်တောမှ ထုတ်လွှတ်သည့် အပူငွေ့သည် ကမ္ဘာ့လေစီးကြောင်းကို မှန်ကန်စေသည်။ ဤဖြစ်စဉ်ကြောင့်မို့ ကမ္ဘာအရပ်ရပ်၌ မျှတသည့်ရာသီဥတုကို ပုံမှန်ဖြစ်ပေါ်စေပါသည်။ အပင်များရှိသဖြင့် မိုးမခေါင်၊ မိုးရွာသည့် အရပ်က သီးနှံဖြစ်ထွန်းသည်မို့ ရိက္ခာရှားပါးမှု မဖြစ်နိုင်ပါ။ သဲကန္တာရဖြစ်မှုကိုလည်း ကာကွယ်တားဆီးပေးပါတယ်။

(ခ) ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို လျှော့ချနိုင်ခြင်း

ယနေ့ကမ္ဘာကြီးကို ပိုမိုပူနွေးစေသည်မှာ မှန်လုံအိမ်သက်ရောက်မှုရှိသည့် ဓာတ်ငွေ့များကြောင့်ပါ၊ မှန်လုံအိမ်သက်ရောက်မှုရှိသည့် ဓာတ်ငွေ့ဆိုသည်မှာ နေမှလာသည့် အပူဓာတ်ကို ပြန်မထွက်နိုင်အောင် ထိန်းထားသည့် ဓာတ်ငွေ့များပါ။ အဆိုပါ ဓာတ်ငွေ့ထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် အပူကို ထိန်းနိုင်စွမ်းအား အမြင့်ဆုံးဖြစ်ပါသည်။ ကမ္ဘာ၏ ပတ်ဝန်းကျင်လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လေလေ၊ အပူချိန်မြင့်လေလေ ဖြစ်ပါသည်။

ယနေ့ကမ္ဘာကြီးတွင် အပူချိန် မြင့်တက်နေရခြင်းမှာ လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက် မြင့်တက်လာခြင်းကြောင့်ဖြစ်ပါသည်။ အပင်များသည် နေရောင်ခြည်မှစွမ်းအင်ကို သက်ရှိများအသုံးပြုနိုင်သည့် ဂလူးကို့စ်စွမ်းအင်သို့ ပြောင်းလဲသည့်ဖြစ်စဉ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို ကုန်ကြမ်းအဖြစ် အသုံးပြုပါသည်။ သို့ဖြစ်၍ ဤကမ္ဘာပေါ်တွင် အပင်များလေလေ အဆိုပါ **"စွမ်းအင်ပြောင်းလဲခြင်းဖြစ်စဉ်"** ကို များများလုပ်လေလေပါ။

ထိုဖြစ်စဉ်များများဖြစ်လေ အပူထိန်းကာဗွန်ဒိုင်အောက်ဆိုက်ကို များများသုံးပစ်သဖြင့် လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက် ပါဝင်နှုန်း လျော့ကျသွားပါသည်။ အပင်များလျှင် လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်နည်း၍ ပြောင်းပြန်အားဖြင့် အပင်နည်းသွားလျှင် ကာဗွန်ဒိုင်အောက်ဆိုက် မြင့်တက်လာမည်။ အဆိုပါဓာတ်ငွေ့ပါဝင်မှုနှုန်းများလာလျှင် ကမ္ဘာကြီး ပိုပူလာပါမည်။ သို့ဖြစ်၍ တာဝန်ရှိ၊ တာဝန်သိကြသည့် အကြီးအကဲများနှင့် လူသားများအားလုံးက နောင်လာနောက်သားများအတွက် အပင်ကို များများစိုက်နေခြင်း ဖြစ်ပါသည်။

**(၄) မြေဆီဩဇာကောင်းမွန်၍ စားရေရိက္ခာဖူလုံမှုကို ဖြစ်ပေါ်စေခြင်း**

အပင်တို့ အရွက်ကြွေသည်မှာ အားလုံးအသိပါ။ အရွက်ကြွေခြင်းမှာ ရေကို ချွေတာချင်လို့ပါ။ နွေရာသီတွင် မြေအောက်ရေခန်း၍ အမြစ်မှ ရေထုတ်ယူနိုင်မှု နည်းပါးသွားပါသည်။ အမြစ်က မြေကြီးထဲမှ စုပ်ယူထားသည့်ရေကို ပတ်ဝန်းကျင်ကို ပြန်လည်ထုတ်လွှတ်ပေးတာက အရွက်များပါ။ အရွက်မရှိလျှင် ရေထွက်စရာအပေါက်မရှိတော့သဖြင့်

**"ကျွန်တော်တို့သည် သုံးစက္ကန့်လျှင် တစ်ကြိမ်လောက် ပျမ်းမျှအသက်ရှူကြရပါသည်။ အသက်ရှူခြင်းမှာ လေထဲမှ အောက်ဆီဂျင်ကို ရှူခြင်းပါ။ ကမ္ဘာဦးအစတွင် အောက်ဆီဂျင်ဆိုတာ လေထဲမှာ လုံးဝမရှိပါ။ အပင်များက အထက်မှာရေးခဲ့သလို နေရောင်ခြည်စွမ်းအင်ကို သက်ရှိများအသုံးပြုနိုင်သော ဂလူးကို့စ်သကြားဖွဲ့စည်းသည့်ဖြစ်စဉ်တွင် အောက်ဆီဂျင်ကို လေထဲသို့ ထုတ်လွှတ်ပါသည်။ ထိုအချိန်မှစပြီး လေထုထဲမှာ အောက်ဆီဂျင်ကြွယ်ဝလာပါတော့သည်။ ဤကမ္ဘာပေါ်ရှိ မည်သည့်သက်ရှိ၊ ဒြပ်စင်၊ ရုပ်ဝတ္ထုကမှ အောက်ဆီဂျင်ကို ထုတ်ပေးနိုင်စွမ်းမရှိပါ။ အပင်မှသာ ထုတ်ပေးနိုင်ခြင်းဖြစ်၍ သုံးစက္ကန့်တိုင်းတစ်ခါ အသက်ရှူပြီး အောက်ဆီဂျင်ကို ရှူနေကြရသည့် ကျွန်တော်တို့ သက်ရှိများ၏ ကျေးဇူးရှင်က အပင်သာလျှင်ဖြစ်ပေသည်။ ထို့အတူ ခွေး၊ နွား၊ ကြောင်၊ ဆိတ် စသည့်သက်ရှိများလည်း အသက်ရှူတာမို့ အပင်များက သက်ရှိအားလုံးအတွက် စက္ကန့်တိုင်းအသက်ရှင်အောင် စွမ်းဆောင်ပေးနေသည့် သက်ရှိဖြစ်"**

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ရေဆုံးရှုံးစရာ မလိုတော့ပါ။ သို့ဖြစ်၍ နွေတွင် ရေကို ချွေတာချင်၍ အရွက်ကြွေတာပါ။ ကြွေသည့်အရွက်များ မြေပေါ်ရောက်တော့ မြေတွင်းအောင်းပိုးမွှားများက စားကြပါသည်။ မြေတွင်းအောင်းပိုးလေးများ စားသည့်အတွက် သစ်ရွက်များ ကြွေမွဆွေးမြည့်မှု လျင်မြန်ပါသည်။ ထို့နောက် အဆိုပါမြေတွင်းအောင်းပိုးလေးများပါ သေဆုံးသွားသည့်အခါ အပင်ကို စားထားသမျှ အစာအာဟာရများ မြေထဲရောက်ပြီး မြေဆီသြဇာကြွယ်ဝသည့် မြေဆီလွှာဖြစ်လာပါတော့သည်။

အပင်နည်းသော အရပ်များသည် မြေဆီညံ့ပြီး စိုက်မရ၊ ပျိုးမရခြင်းမှာ ကြွေသည့်အရွက် မရှိလို့ပါ။ အပင်များသည့် သစ်တောဝန်းကျင်က မြေများ မြေဆီသြဇာကြွယ်ဝပြီး စိုက်သမျှ၊ ပျိုးသမျှ ဖြစ်ထွန်းအောင်မြင်ပါသည်။ စိုက်ပျိုးအောင်မြင်သည့်အတွက် သီးနှံထွက်ပြီး စားရေရိက္ခာ ဖူလုံပါတော့သည်။ အပင်ရှားသည့် ဆာဟာရနှင့် အခြားသဲကန္တာရများ၏ ပတ်ဝန်းကျင်တွင် စားရေရိက္ခာဖူလုံမှုမရှိပါ။ စားရေရိက္ခာဖူလုံချင်လျှင် သစ်ပင်သစ်တောထူအောင် စိုက်ကို စိုက်ရပါမည်။ စိုက်ပြီးသစ်ပင် ရှင်အောင်ပြုစုရသကဲ့သို့ သစ်ခုတ်မှု၊ မီးရှို့မှု ရှောင်ရှားရပါမည်။ ထူထပ်နေသည့် သစ်တောကိုလည်း သစ်ထုတ်ခြင်းကြောင့် မပြုန်းတီးရအောင် **"အပြောင်ခုတ်လှဲမှု"**ကို ရှောင်ကြဉ်၍ မြန်မာသစ်တောကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းခဲ့သည့် ဂျာမန်သစ်တောပညာရှင်ကြီး Dr. Brandis ၏ **"ရွေးချယ်ထုတ်ယူမှု"** နည်းစနစ်ဖြင့် ထုတ်ယူသွားရန် လိုပါသည်။

**(၅) မြေဆီလွှာဆုံးရှုံးမှုကို ကာကွယ်ခြင်း**

မိုးရွာသွန်းသည့်အခါ လေပြင်းတိုက်သည့်အခါများတွင် အပင်များသာ မရှိခဲ့လျှင် မြေဆီသြဇာကြွယ်ဝသည့် အပေါ်ယံမြေဆီလွှာက အတားအဆီးမရှိ ရေစီးနှင့် မျောပါသွားပါလိမ့်မည်။ ထို့အတူ လေပြင်းတိုက်လျှင်လည်း ပါသွားနိုင်ပါသည်။ အပင်ကြီးများ၏ အမြစ်များ၊ မြက်ပင်၏ အမြစ်များက အဆိုပါမြေဆီလွှာများကို ကုပ်တွယ်ဖုံးအုပ်ထားသည်မို့ စိုက်နိုင်ပျိုးနိုင်သော အဖိုးတန်မြေဆီလွှာများက မြစ်ထဲချောင်းထဲမှတစ်ဆင့် ပင်လယ်ထဲ မရောက်သွားတော့ပါ။ အပင်များ၏ အမြစ်များက မြေဆီသြဇာကို မိုးရေဖြင့် စီးမပါနိုင်အောင် ထိန်းထားနိုင်ခြင်းကြောင့် ကျွန်တော်တို့၏ စိုက်ပျိုးမြေများ စိုက်လို့ပျိုးလို့ကောင်းနေခြင်းဖြစ်ပါသည်။

**(၆) လေဒဏ် ရေတိုက်စားဒဏ် ကာကွယ်ပေးခြင်း**

သစ်တောကြီးများထူထပ်လာလျှင် လေပြင်းဒဏ်ကို ကာကွယ်ပြီးသားပါ။ ဖွံ့ဖြိုးပြီး တချို့နိုင်ငံများတွင် မြို့ကြီးကို တစ်မိုင်ခန့်ထူထပ်သည့် သစ်တောများဖြင့် ပတ်လည်ဝိုင်းထားသည့် **"သစ်တောအစိမ်းရောင်ခါးပတ်"** (Green Belt) များကို စိုက်ပျိုးထားပြီး မြို့ကြီးကို လေပြင်းဒဏ်မှ ကာကွယ်ထားပါသည်။ မြစ်ချောင်းအင်းအိုင်ဘေးနားတွင် သစ်ပင်သစ်တောများ ထူထပ်နေလျှင် သစ်တောများ၏ အမြစ်များက ရေတိုက်စားမှုဒဏ်မှ မြို့၊ ရွာနှင့် လယ်ယာစိုက်ခင်းများကို ကာကွယ်ပေးထားပါသည်။

**(၇) မြို့ပြများကို ခေတ်မီသာယာလှပစေခြင်း**

ယနေ့ခေတ်မီသည်ဆိုသော မြို့ပြဆိုသည်မှာ တိုက်တာအဆောက်အအုံ မိုးထိအောင် မြင့်မားတာ၊ ကြီးမားတာ၊ ထူထပ်တာနှင့် ထူးဆန်းအံ့သြစရာ ပျော်ရွှင်မှုခံစားစရာများ၊ ကား၊ ရထားနှင့် သွားရလာရလွယ်ကူတာနှင့်တင် မလုံလောက်တော့ပါ၊ အဆိုပါမြို့ကြီးသည် Green City ဖြစ်သလား၊ ပြီးလျှင် မြို့သူမြို့သားများ ကျန်းမာရေးနှင့် ပြည့်စုံရဲ့လား။ ကျန်းမာဖို့ အမှိုက်ကင်းစင်ရောဂါဘယ ကင်းရမည့်အပြင် လေထုသန့်ရှင်းပြီး မျှတသည့်အပူချိန်ရှိရမည်၊ မျှတသည့် အပူချိန်ဖြစ်ရန် လေသန့်ရရန် သစ်ကြီးပင်များ ပေါများနေရပါလိမ့်မည်။ ခေတ်မီမြို့ကြီး၌ အဆောက်အအုံများထက် အဆများစွာ ပိုပေါရမည့်အရာမှာ အပင်များဖြစ်ပါသည်။ များရုံနှင့်လည်း မရသေးပါ။ ထူထပ်ရပါမည်။ ဤသည်ကို မြို့ပြသစ်တော (Urban Forest)ဟု ခေါ်ပါသည်။ မြို့ပြသစ်တောထူထပ်မှသာ စိမ်းလန်းမြို့တော် (Green City)ဟု ခေါ်တွင်နိုင်သည်။ စာရေးသူအနေဖြင့် **"နေပြည်တော်"** သည် မြန်မာနိုင်ငံ၏ စိမ်းလန်းမြို့တော်ဖြစ်သည်ဟု ဆိုပါရစေ။

မြို့ပြများ၌ ထူထပ်သည့် မြို့ပြသစ်တောများ စိုက်ပျိုးထားခြင်းဖြင့်

(က) လေကောင်း၊ လေသန့်ရရှိနိုင်ခြင်း၊

(ခ) အပူအအေး မျှတစေခြင်း၊

(ဂ) ကားသံ၊ စက်ရုံတို့မှ ဆူညံသံကို လျှော့ချနိုင်ခြင်း၊

(ဃ) အပန်းဖြေနိုင်ခြင်း၊

(င) လူသားနှင့် ပူပြင်းသည့်နေရောင်ခြည် တိုက်ရိုက်ထိတွေ့မှုနည်းပါးခြင်းဖြင့် အရေပြားကင်ဆာရောဂါ အမျိုးမျိုးမှ ကာကွယ်ခြင်း... စသည်တို့အပြင် မြို့ကြီးကိုလည်း လေမုန်တိုင်းဒဏ်မှ ကာကွယ်ပေးပါသည်။

မြို့ကြီးပြကြီးနေသူများ၏ ကိုယ်စိတ်နှစ်ပါး ကျန်းမာရေးကို အဓိကဖြည့်စွမ်းပေးသည်မှာလည်း သစ်ပင်များပင်ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၀၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် "စိမ်းလန်းသာယာမြို့များစွာ၊ ကမ္ဘာအတွက် စီမံချက်" ဆိုသည့် ဆောင်ပုဒ်ဖြင့် မြို့ကြီးပြကြီး စိမ်းလန်းပြီး ကျန်းမာရေးနှင့် ပြည့်စုံသည့် မြို့ကြီးဖြစ်ထွန်းအောင် အပင်များများစိုက်ဖို့ လွန်ခဲ့သည့် နှစ် ၂၀ ကျော်ကတည်းက နှိုးဆော်ခဲ့ဖူးပါသည်။

နေ့စဉ် အစားအစာ၊ အဝတ်၊ အိုးအိမ်၊ အသုံးအဆောင်၊ ဆေးဝါး ပေးသည်ကိုတော့ အားလုံးအသိပါ။ အထက်တွင် ဖော်ပြထားသည့် အချက်များသည် သိပ္ပံပညာရှင်များ၏ အပင်က လူသားနှင့် အခြားသက်ရှိအပေါ် ကျေးဇူးပြုမှုကို လေ့လာတွေ့ရှိချက်များပင် ဖြစ်ပါသည်။ လွန်ခဲ့သည့် နှစ် ၂၅၀၀ ကျော်က မြတ်ဗုဒ္ဓက အပင်များ၏ လူသားအပေါ် ကျေးဇူးပြုခဲ့မှုများအပေါ် ချီးမွမ်းခဲ့ခြင်းကို သိပ္ပံပညာက ထောက်ခံပေးနေခြင်းဟု မြင်မိပါသည်။

အထက်ဖော်ပြပါ အပင်များ၏ လူသားနှင့် သက်ရှိများအပေါ် ကျေးဇူးတရားကို သိကြသူများက နောင်သားစဉ်မြေးဆက် ကောင်းစားစေဖို့ အပင်များစိုက်နေကြပါသည်။ ကန္တာရဆန်သွားနိုင်သည့် အညာတစ်ခွင်တွင် ၁၃ ခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးကို အလေးပေးဆောင်ရွက်နေပါသည်။ ကန္တာရဖြစ်ထွန်းမှုကို ကာကွယ်နေခြင်းပါ။ ထို့အတူ မြို့ကြီး၊ ပြကြီး ဘုရားကျောင်းဝင်း၊ စာသင်ကျောင်းဝင်း၊ လမ်းဘေးဝဲယာများတွင်လည်း အပင်များ စိုက်နေကြပါသည်။

တကယ်တော့ မြန်မာဗုဒ္ဓဘာသာဝင်များအဖို့ **"သစ်ကြီးပင်တစ်ပင်စိုက်ခြင်းဟာ ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခြင်းပါပဲ"** တဲ့။ မြန်မာဆိုရိုးစကားတွင် **"သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်းလည်း နားနိုင်သလို"** မှုနှင့် သစ်ကပ်ပင်မျိုးစုံ၊ ပုရွက်ဆိတ်၊ ခါချဉ်၊ ခြင်၊ ယင်၊ တောက်တဲ့၊ ပုတ်သင်ညို၊ မြွေ စသည်ဖြင့် သက်ရှိအမျိုးပေါင်းများစွာမှ အကောင်နှင့် အပင်ငယ်မျိုးများ သိန်းသန်းချီ မှီခိုနိုင်သလို မြန်မာဗုဒ္ဓဘာသာဝင်တွေအတွက် နာမ်လောကသားများလည်း မှီတင်းနေထိုင်နိုင်ပါသည်။ ထို့ပြင် သစ်ပင်များ၏ အရိပ်အောက်တွင်လည်း တောရိုင်းတိရစ္ဆာန်များ၊ အိမ်မွေး ကျွဲ၊ နွား၊ ဆိတ်၊ ခွေးနှင့် စိုက်ပျိုးရေးဆောင်ရွက်နေသည့် တောင်သူများနှင့် ခရီးသွားများပါ နားခိုနိုင်ပါသည်။ သစ်ပင်တစ်ပင်သည် ထာဝရဇရပ်ကြီးတစ်ဆောင် ဆောက်ထားသလိုပါပဲ။ တာဝန်အရ စိုက်စိုက်၊ စေတနာသဒ္ဓါနှင့် ဝါသနာပါလို့စိုက်စိုက်၊ သစ်ပင်ကြီးတစ်ပင် ရှင်သန်လာလျှင် ဇရပ်တစ်ဆောင် ဆောက်လှူသည့် အလှူရှင်ဖြစ်သွားသည်မို့ ထာဝရဇရပ်အလှူရှင်ဖြစ်သွားပါသည်။

မြန်မာတို့သည် အလှူလုပ်သည့်နေရာတွင် အထုံပါရမီကြီးကြပါသည်။ ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်ဆောက်လှူကြသည်မှာ နေရာအနှံ့ပါ။ အလှူလုပ်ဖို့ လှူဖွယ်ပစ္စည်း (အုတ်၊ ဘိလပ်မြေ၊ သံ၊ သစ်၊ အမိုး) နှင့် ငွေကြေးလုံလုံလောက်လောက် ရှိရပါမည်။ သို့သော် ထာဝရဇရပ် (သို့) သက်ရှိအပင်ဇရပ်ကတော့ အထက်ပါပစ္စည်းများနှင့် ပိုက်ဆံလည်းမလိုပါ။ ထက်သန်သည့် စေတနာသဒ္ဓါတရားနှင့် လုပ်အားအရင်းအနှီးသာလိုတာပါ။ ငွေကြေးမတတ်နိုင်သူများအတွက် ဇရပ်ဒါယကာ၊ ဒါယိကာမဖြစ်ဖို့ ဟိုယခင်ကတည်းက ဗုဒ္ဓဘာသာဝင်များက လက်ခံကျင့်သုံးခဲ့ခြင်းပါ။

ငွေကြေးတတ်နိုင်သူများဆိုလျှင်တော့ များလိုက်မည့် ထာဝရဇရပ်များ ထောင်သောင်းချီ လှူနိုင်ပါသည်။ နကြေးငွေတတ်နိုင်သူများအနေဖြင့် သတ္တဝါများလည်း မှီခိုနိုင်၊ နောင်လာ နောက်သား ကောင်းစားစေမည့် သဘာဝပတ်ဝန်းကျင်လည်း သာယာလှပသည့် ခေတ်သစ်၊ ပုံစံသစ်၊ ထာဝရဇရပ်စိုက်ပျိုးခြင်း လှူကြပါလို့ တိုက်တွန်းပါရစေ။

**တရုတ်စကားပုံမှာ –**

**တစ်ရက်ပျော်ချင်လျှင် အရက်သောက်၊**

**တစ်လပျော်ချင်လျှင် အိမ်ထောင်ပြု၊**

**တစ်သက်တာပျော်ရွှင်ချင်လျှင်တော့ သစ်ပင်စိုက်ပါတဲ့။**

**"မြန်မာဗုဒ္ဓဘာသာဝင်များကလည်း ထာဝရဇရပ်အလှူ"** ဟူ၍ မိမိတစ်သက်သာမက သားစဉ်မြေးဆက် ပျော်ရွှင်ကြည်နူးစေပြီး စိုက်ပျိုးသူလည်း ကုသိုလ်ရ၊ ကမ္ဘာမြေကြီးနှင့် သဘာဝပတ်ဝန်းကျင်ကို အစဉ်လှပသာယာစေမည့် ထာဝရဇရပ်အလှူ (သို့) ခေတ်သစ်ဇရပ်အလှူရှင်များဖြစ်အောင် နှိုးဆော်ပါရစေ။

ခေတ်သစ်ဇရပ်အလှူရှင်များဖြစ်လိုသူများအနေဖြင့် ယခု ၂၀၂၆ ခုနှစ်တွင် မဖြစ်မနေ လှူဖြစ်ရလေအောင် မြေဆီစိုသည့် ယခုလို ဇွန်၊ ဇူလိုင်လများ၌ အုတ်မြစ်ချ အပင်စတင် စိုက်ပျိုးပေးခြင်းဖြင့် ထာဝရဇရပ်အလှူတော်မင်္ဂလာကို ကျင်းပပေးကြပါ။

ထာဝရဇရပ် အလှူဒါယကာ၊ ဒါယိကာမများအဖြစ် ခံယူကြပါဟု တိုက်တွန်းနှိုးဆော်ရင်း မြန်မာ့သစ်ပင်စိုက်ပျိုးရေးလတွင် နောင်မြန်မာသားစဉ်မြေးဆက်အတွက် သစ်ပင်များကို စိုက်ပျိုးကာ ကုသိုလ်ယူနေကြသူ အမြော်အမြင်ကြီးမားသည့် ကုသိုလ်ရှင်များအားလုံးကို လေးစားဂုဏ်ပြုရင်း အဆိုပါထာဝရဇရပ် အလှူတော်မင်္ဂလာအတွက် "သာဓုအနုမောဒနာ" ပြုလိုက်ရပါသည်။ ။

---

## မြန်မာ့အလင်း အယ်ဒီတာ့ထံ ပေးစာ

## စည်းကမ်းမဲ့ကျူးကျော်ဈေးသည်များ ဖယ်ရှားပေးစေလို

သို့

**အယ်ဒီတာရှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ညဈေးအနီး ညဈေးလမ်း၊ ဗိုလ်သူရလမ်း၊ အုန်းပင်လမ်းနှင့် ပိတောက်လမ်းထိပ်တို့တွင် စည်းကမ်းမဲ့ ကျူးကျော်ဈေးသည်များက နေရာယူထားပြီး လမ်းနှင့် မလွတ်မကင်း ဈေးဗန်းခင်းကြခြင်းကို သက်ဆိုင်ရာက အရေးယူဖယ်ရှားပေးနိုင်ပါရန် တင်ပြပါရစေရှင့်။ သူတို့ကြောင့် နေ့စဉ်ဈေးသွား ဈေးလာများ၊ ရပ်ကွက်နေပြည်သူများ၊ ဈေးဝယ်ရန် ခေတ္တခဏ ယာဉ်ရပ်နားသည့် မိဘပြည်သူများမှာ အနှောင့်အယှက်ဖြစ်နေရပါသည်။ ၎င်းတို့မှာ စည်ပင်သာယာက တာဝန်ရှိသူများလာရောက်စစ်ဆေးချိန်တွင်သာ စနစ်တကျ ရှောင်ချပြကြသော်လည်း ပုံမှန်အားဖြင့် လမ်းပေါ်သို့ရသမျှ နေရာချဲ့ထွင်ဈေးဗန်းခင်းခြင်း၊ အမိုးအကာများ၊ ထီးများဖွင့်ခြင်း၊ အဖီဆွဲခြင်းနှင့် ဈေးသို့လာရောက်သည့် မော်တော်ယာဉ်များ အဆင်းအတက် စက္ကန့်ပိုင်းရပ်နားသည်ကိုပင် ရေဖြင့်ပက်ခြင်း၊ ဆဲဆိုကြိမ်းမောင်းခြင်း များကိုပါပြုလုပ်နေသည့်အတွက် အနီးအနားရှိ ပြည်သူများ စိတ်နှလုံးညှိုးနွမ်းကြရသဖြင့် သက်ဆိုင်ရာဌာနများက စုံစမ်းဖော်ထုတ် အရေးယူပေးနိုင်ပါရန် မြန်မာ့အလင်းသတင်းစာမှတစ်ဆင့် တင်ပြအပ်ပါသည်ရှင့်။

**ဒေါ်သီရိ (ကြည့်မြင်တိုင်မြို့နယ်)**

**အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့လိုပါလျှင်**

အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသား၍ အယ်ဒီတာ့ထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ် (၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အီးမေးလ်လိပ်စာ– mmalin.npt@gmail.com သို့ အယ်ဒီတာ့ထံပေးစာကဏ္ဍဟု ခေါင်းစဉ်တပ်၍ လိပ်မူပေးပို့နိုင်ပါသည်။

---

## ပွင့်ဖြူမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ပွင့်ဖြူ ဇွန် ၂၇**

ပွင့်ဖြူမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဘဏ္ဍာ တိုးတက်ကောက်ခံရရှိရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးမှူး ဦးခိုင်လင်းကိုက တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်၊ အခွန်အမှတ်တံဆိပ် သတ်မှတ်ချက်၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အချက်များနှင့် အခွန်ပျက်ကွက်မှုများအတွက် ပြစ်ဒဏ်များစသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



# ကမ္ဘာ့ MSME နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဆက်စပ်၍ အသိပညာပေးဆွေးနွေးပွဲများပြုလုပ်





**နေပြည်တော် ဇွန် ၂၇**

ကမ္ဘာ့ MSME နေ့အထိမ်းအမှတ် အခမ်းအနားနှင့် ဆက်စပ်၍ အသိပညာပေးဆွေးနွေးပွဲများကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1) ၌ ကျင်းပရာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌက "အနာဂတ်ခေတ်မီ MSME များ၏ ဒီဂျစ်တယ်အခွင့်အလမ်းများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး စားပွဲဝိုင်းပုံစံဖြင့် ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် MSME လုပ်ငန်းရှင်များက သိရှိလိုသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ညနေပိုင်းတွင် ကမ္ဘာ့ MSME နေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့် အသင်းအဖွဲ့များအား ဂုဏ်ပြုအခမ်းအနားကို ဆက်လက်ကျင်းပရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသွင်အောင်၊ ဒေါက်တာအောင်ဇေယျ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ (World MSME Day) နှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ကမ္ဘာ့ MSME နေ့ အခမ်းအနားဖြစ်မြောက်ရေးအတွက် ပူးပေါင်းပါဝင်ခဲ့သည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ကို မှတ်တမ်းတင်ဂုဏ်ပြုကျေးဇူးတင်လွှာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးများက မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ ရောဝတီဘဏ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်သူများအသင်း၊ နေပြည်တော် MSME လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားအဖွဲ့ချုပ်တို့ကို မှတ်တမ်းတင် ဂုဏ်ပြုကျေးဇူးတင်လွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် လူထုလှုပ်ရှားမှုအခမ်းအနားကျင်းပ




**နေပြည်တော် ဇွန် ၂၇**

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ကို ဂုဏ်ပြုသောအားဖြင့် အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် လူထုလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အသက် (၇)နှစ်မှ (၇၅)နှစ်အထိ စက်ဘီးစီးဝါသနာရှင်များကို ခရာမှုတ်၍ တာလွှတ်ပေးပြီး အားကစားရေးရာ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ (Youth Camp) မှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများနှင့်အတူ ဝဏ္ဏသိဒ္ဓိအားကစားကွင်း အရှေ့ဘက် (Gate- A)မှ စတင်၍ စုပေါင်း လမ်းလျှောက်ကြပြီး ကွင်းပတ်လမ်းအတိုင်း ဝဏ္ဏသိဒ္ဓိအားကစားရုံ (A,B,C)အရှေ့ဘက်တွင် ပန်းဝင်ကြသည်။

ထို့နောက် စုပေါင်းကိုယ်လက်လှုပ်ရှားမှု သွေးပူလေ့ကျင့်ခန်းအတွဲ ၁ နှင့် ၂ တို့ကိုလည်းကောင်း၊ ခန္ဓာကိုယ်ပေါ့ပါးပြီး တစ်နေ့တာ စိတ်အပန်းပြေစေရန် ပျော်ပျော်ပါးပါးဖြင့် စုပေါင်း၍ Zumba ကစားခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၇**

၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် စာပေပညာတစ်ခုတည်းနှင့် မလုံလောက်ဘဲ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဆိုသည့် ဗလငါးတန်စုံလင်ရန် လိုအပ်ပါကြောင်း၊ ယခုလို ပြိုင်ပွဲများမှတစ်ဆင့် မိမိတို့နိုင်ငံအတွင်းသာမက အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာအဆင့်အထိအဆင့်ဆင့် တက်လှမ်းနိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ယခုလိုပြိုင်ပွဲများကတစ်ဆင့် ထူးချွန်ထက်မြက်သည့် တက္ကသိုလ်ကျောင်းသားကျောင်းသူ အားကစားသမားများကို ရွေးချယ်လေ့ကျင့်ပြီး လာမည့် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲများ ASEAN UNIVERSITY GAMES (AUG) တွင်လည်း နိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ပြီး မိမိတို့တက္ကသိုလ်၏ ဂုဏ်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်သူများအဖြစ် ပေါ်ထွန်းလာစေရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တက္ကသိုလ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ(နှစ်ယောက်တွဲ) ဆီမီးဖိုင်နယ်ပွဲစဉ်ဖြစ်သည့် စစ်ကိုင်းတက္ကသိုလ် အသင်းနှင့် ပခုက္ကူတက္ကသိုလ် အသင်းတို့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ် အားကစားနည်းငါးမျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရာ တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို အောက်မြန်မာပြည် ဇုန် (၄)ဇုန်နှင့် အထက်မြန်မာပြည် ဇုန် (၄)ဇုန်တို့မှ အမျိုးသားအသင်းရှစ်သင်း၊ အမျိုးသမီးအသင်းငါးသင်း၊ ဖူဆယ်ပြိုင်ပွဲတွင် အမျိုးသားအသင်းရှစ်သင်း၊ အမျိုးသမီးအသင်းလေးသင်း၊ ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားအသင်းခုနစ်သင်း၊ အမျိုးသမီးအသင်းခုနစ်သင်း၊ ပိုက်ကျော်ခြင်းတွင် အမျိုးသား ၂၃ သင်းနှင့် ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး ၁၅၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မော်လမြိုင် ဇွန် ၂၇**

ဇွန် ၂၆ ရက်တွင်ကျရောက်ခဲ့သော ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်း က မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မိုးမြင့်မြင့်ရှိန်က စွမ်းရည်မြင့်မားပြီး ပတ်ဝန်းကျင်ကို မထိခိုက်စေမည့် အအေးပေးစနစ်များကို စနစ်တကျ ဒီဇိုင်းထွင်၊ တပ်ဆင်၊ ပြုပြင်ထိန်းသိမ်းခြင်းဖြင့် ကမ္ဘာ့ကြီးပူနွေးလာမှုကို လျှော့ချရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာများ၊အအေးပေးပစ္စည်းလုပ်ငန်းလုပ်ကိုင်သူများ၊ဟိုတယ်လုပ်ငန်းရှင်များ၊ အအေးခန်းလုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဇွန် ၂၇**

ယနေ့နံနက် ၁ နာရီ ၃၄ မိနစ် ၆ စက္ကန့်တွင် နမ့်စန်မြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၆၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မောက်မယ်မြို့၏ အရှေ့တောင်ဘက် ၁၉ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၉၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၈၆ ဒီဂရီ၊ အနက် ခုနစ်ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၀(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

ရတနာသစ်တော ပြည့်သွေးကြော၊ သစ်တောရတနာ ထိန်းသိမ်းပါ။



## မုံရွာမြို့၌ ကမ္ဘာ့ MSME နေ့ ၂၀၂၄ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မုံရွာ ဇွန် ၂၇**

ကမ္ဘာ့ MSME နေ့ ၂၀၂၄ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်နှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဇော်ထူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး MSME အေဂျင်စီ အဖွဲ့ဝင် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးအောင်ဇော်ဦးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက MSME ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့မှု Video Clip ကိုကြည့်ရှုအားပေးသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ပြည်ထောင်စုအဆင့်ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ဆုရရှိခဲ့သော လုပ်ငန်းရှင် လေးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် မုံရွာမြို့တော်ခန်းမအတွင်း လုပ်ငန်းရှင်၃၀ ၏စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများ စုစုပေါင်းအမျိုး ၂၀၀ ကျော်ကို ခင်းကျင်းရောင်းချပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

အလားတူ ကမ္ဘာ့ MSME နေ့ ၂၀၂၄ အထိမ်းအမှတ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းထုတ်ကုန်များ ဈေးရောင်းပွဲတော်ကို မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်ရှိ ပြည်သူ့ဥယျာဉ်၌ ဇွန်၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်တိုင်တိုင် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## (၁၆)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မိသားစုက ငွေကျပ် သိန်း ၁၀၀ လှူဒါန်း

**ရန်ကုန် ဇွန် ၂၇**

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ (၁၆)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကန်တော်ကြီးရှိ Dolphin Hall ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှမိသားစုက ငွေကျပ်သိန်း ၁၀၀ လှူဒါန်းသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ ကန်တော့ခံ သက်ကြီးဂီတပညာရှင်များနှင့် ဂီတ၊ ရုပ်ရှင်၊ စာပေ၊ သဘင်မှ ဖိတ်ကြားထားသူများနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က မုဒိတာစကား ပြောကြားကာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အထွေထွေအတွင်းရေးမှူးက သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းရရှိသော အလှူငွေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မိသားစုက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌက လက်ခံရယူသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၁၅၈ သိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသည့် ငွေကျပ် ၅ သိန်း အပါအဝင် စုစုပေါင်းငွေကျပ် ၃၁၂၆၀၀၀၀ နှင့် ပစ္စည်းများအား အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသူများက အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံသက်ကြီး ဂီတပညာရှင်ကြီး ၁၅၈ ဦးအား ကန်တော့ကြပြီး ကန်တော့ခံပစ္စည်းများနှင့် ဂါရဝပြုဂုဏ်ပြုငွေများ ပေးအပ်ကြသည်။ ယင်းနောက် ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများကိုယ်စား တေးသံရှင် မြန်မာပြည်သိန်းတန်က ဆုတောင်းမေတ္တာပို့ သြဝါဒစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**



## ဒုတိယဝန်ကြီး ဦးမျိုးမြင့် တီးတိန်မြို့ရှိ ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၇**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ဇွန် ၂၆ ရက်က ချင်းပြည်နယ် တီးတိန်မြို့ရှိ ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်နေမှုနှင့် ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တီးတိန်မြို့ရှိဌာနဆိုင်ရာရုံးများဖြစ်သည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(တီးတိန်)၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(တီးတိန်)၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြို့နယ်သမဝါယမဦးစီးဌာန၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးများ၌ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ရန်နှင့် လုပ်ငန်းတာဝန်ဆောင်ရွက်ရာတွင် လွဲမှားမှုမရှိစေရေးအတွက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးရမည် ဖြစ်ကြောင်း၊ လုပ်ငန်းလိုအပ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်တိုင်း တိကျစွာ လိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာ၌ ဝန်ကြီးဌာနနှင့် နိုင်ငံတော်အစိုးရ၏ ပုံရိပ်ကို ထိခိုက်စေသော လုပ်ကိုင်ဆောင်ရွက်မှုများကို အလေးထားရှောင်ကြဉ်ရမည်ဖြစ်ကြောင်းပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ထမ်းများနေထိုင်လျက်ရှိသည့် အိမ်ရာများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တီးတိန်မြို့မှ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး တင်ပြချက်များအပေါ် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစပ် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မင်္ဂလာဒုံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံး၌ တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းပွဲကို ယမန်နေ့က မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး ခန်းမ၌ ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်နိုင်သူက အခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။



**မြို့နယ်(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဌေးနှင့် ဝန်ထမ်းများက ဇွန် ၂၆ ရက်တွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်မှုကို ဇီးတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဆောင်ရွက်ပေးစဉ်။ မြို့နယ်( ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဒေသ၏ MSME ငါးအသားခြစ် ကုန်ချောလုပ်ငန်း

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်သည် မြန်မာနိုင်ငံ၏ အထက်အညာပိုင်း၌ တည်ရှိပြီး အပူပိုင်းဒေသတစ်ခုဖြစ်သော်လည်း ဆည်ရေသောက်ဧရိယာများပြားမှုကြောင့် စိုက်ပျိုးရေးထွက်ကုန်အမယ်များ မြောက်မြားစွာ ထွက်ရှိသကဲ့သို့ ရွှေဘိုပေါ်ဆန်းမွှေးသည် အရည်အသွေးကောင်းဆန်မျိုးအဖြစ် နာမည်ကျော်ကြားလျက်ရှိပါသည်။ ထိုသို့ ဆည်ရေသောက်ဧရိယာ များပြားမှုကြောင့် တိုင်းဒေသကြီးတစ်ခုလုံးတွင် ငါးမွေးမြူရေးဧရိယာ ဧက ၇၀၀၀ ကျော်အနက် ၃၆၀၀ ကျော်သည် ရွှေဘိုဒေသအတွင်း တည်ရှိနေပါသည်။

ရွှေဘိုခရိုင်အတွင်း ငါးထုတ်လုပ်မှုမှာလည်း တစ်နှစ်လျှင် ပိဿာထောင်ပေါင်း ၅၀၀၀ ကျော်ရှိရာ ဒေသတွင်းပြည်သူလူထု စားသုံးမှုထက် ပိုလျှံသည်များကို ရေရှည်အရည်အသွေးကောင်းမွန်စေရန်နှင့် ဈေးကောင်းရစေရန် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းများအဖြစ် ငါးအသားခြစ်ထုတ်ကုန်လုပ်ငန်း၊ ငါးဆားနယ်လုပ်ငန်းနှင့် ငါးအရေခွံခြောက်စားကုန်လုပ်ငန်းများကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME)အဖြစ် ဆောင်ရွက်လျက်ရှိကြပြီး ဒေသတွင်းနှင့် ခရိုင်၊ တိုင်းဒေသကြီး၏ ပြင်ပသို့ တင်ပို့



ငါးအသားကျစ်လျစ်စေရန် ဆုပ်နယ်ပေါက်ခြင်း။

လျက်ရှိပါသည်။

ယင်းလုပ်ငန်းများအနက် "နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်ငန်းအားပေးစို့" ဆောင်ပုဒ်နှင့်အညီ ဒေသတစ်ခုထုတ်ကုန်တစ်ခု (One region one product) ဖြစ်သည့် ရွှေဘိုငါးအသားခြစ် အသေးစားကုန်ထုတ်လုပ်ငန်းအကြောင်းကို ပြုစုတင်ပြလိုက်ရပါသည်။

ရွှေဘိုခရိုင်၏ ငါးအသားခြစ်လုပ်ငန်းကို လေ့လာရာတွင် လုပ်ငန်းရှင် ငါးဦးက လုပ်သား ၁၅၀ ခန့်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိကြရာ အိမ်ထောင်စု ၁၅၀ ခန့်အား အလုပ်အကိုင်အခွင့်အလမ်းများနှင့် မိသားစုဦးရေ ၁၀၀၀ ခန့်အတွက် ယင်းလုပ်ငန်းမှ အသက်မွေးဝမ်းကျောင်းခြင်း ဖြစ်စေပါသည်။ လုပ်ငန်းအနေဖြင့် တစ်နှစ်လျှင် ငါးအသားခြစ်ပိဿာချိန် ၂၅၀၀၀ ကျော်ကို ထုတ်လုပ်လျက်ရှိရာ ပြည်တွင်း



ရွှေဘိုထုတ် MSME ငါးအသားခြစ်ထုတ်ကုန်။

အသားတင်ထုတ်လုပ်မှု ဂျီဒီပီတိုးတက်လျက်ရှိနေပါသည်။ လုပ်သားများအနေဖြင့် အမျိုးသမီးများက လုပ်ကိုင်နိုင်သည့်အတွက် ငါးကဏ္ဍအမျိုးသမီးများ အလုပ်အကိုင်ပါဝင်မှု (Gender Ratio)ကို မြင့်မားစေပါသည်။

ငါးအသားခြစ်ရာတွင် ငါးမြစ်ချင်းငါးမျိုးဖြင့် အဓိကထုတ်လုပ်ကြပြီး တစ်ကောင် ၂၀ ကျပ်သားမှ ၃၀ ကျပ်သားခန့်အရွယ်ရှိ ငါးများကို ဦးစွာဆေးကြောသန့်စင်ပြီး ကျွမ်းကျင်လုပ်သားများက အလယ်ကျောရိုးမှခွဲ၍ ရရှိလာသော ငါးအသားလွှာများကို စတီးဇွန်းဖြင့်ခြစ်ကာ သန့်ရှင်းသော ပလတ်စတစ်ဇလုံထဲတွင် စုထည့်၍ အနံ့၊ အရသာကောင်းမွန်စေရန် ဆား၊ ချင်း၊ ကြက်သွန်ဖြူများကို အချိုးအတိုင်း ရောစပ်ကာ အသေအချာနယ်၍ ကျစ်လျစ်အောင် ပေါက်ကာ အမှာစာပါ အလေးချိန်အတိုင်း ပလတ်စတစ်ခွက်များတွင် ထည့်ပြီး ရေခဲရိုက်ခြင်း၊ အေးခဲခြင်းတို့ဖြင့် တာရှည်ခံအောင် ထုပ်ပိုးရောင်းချကြပါသည်။ ငါးအသားခြစ်ရာတွင် ကုန်ကြမ်းတစ်ပိဿာလျှင် ကုန်ချော ၃၅ ကျပ်သား ခန့်ရရှိပြီး ကုန်ကြမ်းငါးများကို မခြစ်မီ တစ်ညရေခဲဖြင့် ညသိပ်ထားပြီး နောက်တစ်နေ့တွင် လုပ်သားများက ကုန်ချောထုတ်လုပ်ကြပါသည်။

လုပ်သားတစ်ဦးလျှင် တစ်နေ့ ငါးပိဿာချိန် ၃၀ မှ ၄၀ အထိ ထုတ်လုပ်နိုင်သဖြင့် လုပ်သားတစ်ဦးလျှင် တစ်နေ့ဝင်ငွေကျပ် ၁၅၀၀၀ မှ ၂၀၀၀၀ အထိ ရရှိနိုင်ပါသည်။ ငါးအသားခြစ် ကုန်ချောများကို အဓိက မန္တလေး၊ မုံရွာ၊ ကသာ၊ ကောလင်း၊ ကန့်ဘလူနှင့် ကချင်ပြည်နယ်ရှိ မြို့ကြီးများသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။

ငါးအသားခြစ်လုပ်ငန်းသည် အသင့်စားသုံးနိုင်သည့် ကုန်ချောဖြစ်သည့်အားလျော်စွာ ချက်ပြုတ်နည်းမျိုးစုံဖြင့် စားသုံးနိုင်ခြင်း၊ ရေရှည်အထားခံခြင်း၊ ဓာတုဆေးဝါးများ မပါဝင်ဘဲ အရသာရှိခြင်းတို့ကြောင့် လူကြိုက်များသည့် ငါးထုတ်ကုန်တစ်မျိုးဖြစ်ပါသည်။ ယင်းငါးအသားခြစ်များကို ရေခဲရိုက်ဖြင့် ထားရှိပါက တစ်ပတ်အထိ ထားရှိနိုင်ပြီး အေးခဲခြင်းဖြင့် ထားရှိပါက တစ်လအထိ ထားရှိနိုင်ပါသည်။



ငါးမြစ်ချင်းအသားလွှာခြင်း လုပ်ငန်း။

**ရွှေဘိုခရိုင်၏ ငါးအသားခြစ်လုပ်ငန်းကို လေ့လာရာတွင် လုပ်ငန်းရှင် ငါးဦးက လုပ်သား ၁၅၀ ခန့်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိကြရာ အိမ်ထောင်စု ၁၅၀ ခန့်အား အလုပ်အကိုင်အခွင့်အလမ်းများနှင့် မိသားစုဦးရေ ၁၀၀၀ ခန့်အတွက် ယင်းလုပ်ငန်းမှ အသက်မွေးဝမ်းကျောင်းခြင်းဖြစ်စေ**

ဤငါးအသားခြစ်လုပ်ငန်း MSME လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လုပ်ငန်းရှင်များအတွက် အရင်းအနှီးမတည်ငွေများ ချေးထုတ်ပေးခြင်း၊ နိုင်ငံခြားဈေးကွက်ရှာဖွေပေးခြင်း၊ အရည်အသွေးကောင်းနည်းပညာပေးခြင်း၊ FDA ခွင့်ပြုချက်များ ရရှိစေရေး ဆောင်ရွက်ပေးခြင်း၊ ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ပေးခြင်းဖြင့် "နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆောင်ပုဒ်ပါအတိုင်း ရွှေဘိုငါးအသားခြစ် လုပ်ငန်းအောင်မြင်ပြီး လုပ်ငန်းရှင်၊ လုပ်သား နှစ်ဦးနှစ်ဖက်စလုံး ရွှေသီးသကဲ့သို့ ရွှေငွေ လက်ဝတ်လက်စားများ ဝတ်ဆင်ပြီး အလှူဆင်နိုင်ကြမည်မှာ မလွဲမသွေဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**နိုင်ဝင်းသိန်း(ငါးဦးစီး)၊ ချမ်းမြေ့ဝင်း(ရွှေဘိုငါးဦးစီး)**
**ချမ်းအေးသူ(ရေဦးငါးဦးစီး)**



လုပ်သားများ ငါးအသားလွှာနေမှု။





ငါးအသားခြစ်ကုန်ချောများအား ဈေးကွက်သို့ တင်ပို့ရန် ပြင်ဆင်မှု။

## လိုရင်းတိုရှင်း အောင်မြင်ခြင်းနည်းလမ်း ၁၀၀ စာအုပ်ထွက်ရှိ

**နေပြည်တော် ဇွန် ၂၇**

စာရေးဆရာ ဒေါက်တာတင်ထွန်းဦး ရေးသားပြုစုသည့် "လိုရင်းတိုရှင်း အောင်မြင်ခြင်း နည်းလမ်း ၁၀၀" စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ရှိသင့်ရှိထိုက်သော စိတ်နေစိတ်ထားနှင့် ကိုယ်ကျင့်တရား၊ စိတ်ဓာတ်ခွန်အားမြင့်မားစေသည့် နည်းလမ်းများ၊ လုပ်ငန်းတိုးတက်အောင်မြင်ရေး အခြေခံနည်းလမ်းများ၊ အချိန်စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းများ၊ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ နည်းလမ်းများ၊ မိမိကိုယ်မိမိ အရည်အသွေးမြှင့်တင်ရေး နည်းလမ်းများ၊ ကြီးပွားချမ်းသာရေး ဆိုင်ရာ နည်းလမ်းများ၊ အချစ်နှင့် အိမ်ထောင်ရေးဆိုင်ရာ နည်းလမ်းများ၊ ကျန်းမာပျော်ရွှင်ခြင်းဆိုင်ရာ နည်းလမ်းများ စသည့်ဘဝဆိုင်ရာ ဖြေရှင်းနည်း နည်းလမ်း အကြောင်းအရာ (၁၀၀) ပါဝင်သည်။ လူငယ်လူရွယ်တိုင်း၊ ကြီးပွားအောင်မြင် လိုသူတိုင်း၊ အခက်အခဲနှင့် ရင်ဆိုင်နေရသူတိုင်းအတွက် အောင်မြင်မှုကို အလွယ်ကူဆုံးနှင့် အမြန်ဆုံးရရှိစေနိုင်မည့် နည်းလမ်းကောင်းများကို စုစည်းဖော်ပြထားသည်။

အဆိုပါစာအုပ်ကို စွယ်စုံမီဒီယာဂရု(ပ်)၊ စင်ထရယ်တာဝါ ပထမထပ်၊ အနော်ရထာလမ်းနှင့် ၃၉ လမ်းထောင့် ရန်ကုန်မြို့ ဖုန်း-၀၁ ၃၈၅၂၉ က တန်ဖိုးကျပ် ၁၅၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။ **မြန်မာ့အလင်း**






တောင်ကြီးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ဇွန် ၂၄ ရက်က ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ ခရိုင်(ပြန်/ဆက်)

## စီးပွားရေးကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ချိတ်ဆက်ပေးမည့် Myanmar –China Trade & Investment Expo ပြပွဲ ခင်းကျင်းပြသ

**ရန်ကုန် ဇွန် ၂၇**

UMBEEA က ကြီးမှူး၍ မြန်မာ–တရုတ် စီးပွားရေးကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ချိတ်ဆက်ပေးမည့် Myanmar–China Trade & Investment Expo ၂၀၂၆ (၁၀)ကြိမ်မြောက် မြန်မာ့နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးပြပွဲ၊ (၄)ကြိမ်မြောက် မြန်မာ့စားသောက်ကုန်၊ ဟိုတယ်စားသောက်ဆိုင်နှင့် ကဖေးပြပွဲကို ရန်ကုန်မြို့၌ သုံးရက်ကြာ ခင်းကျင်းပြသလျက်ရှိသည်။

ပြပွဲကို ဇွန် ၂၆ ရက်မှ ၂၈ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ရှိ ကမ္ဘာအေးဘုရားလမ်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ ခင်းကျင်းပြသလျက်ရှိပြီး ပြပွဲတွင် အသေးစား အလတ်စား MSMEs လုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများ၊ စားသောက်ကုန်နှင့် လူသုံးကုန်လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အလှကုန်၊ ဖက်ရှင်နှင့် လက်မှုပစ္စည်းလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်ပြသလျက်ရှိသည်။

အဆိုပါ ပြပွဲ(Expo)တွင် ပါဝင်ခြင်းဖြင့် မိမိလုပ်ငန်းနှင့် ထုတ်ကုန်များကို လူသိများစေရန်၊ ဝယ်သူအသစ်များ ရရှိစေရန်၊ တရုတ်နှင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်နိုင်ရန် ကိုယ်စားလှယ်များ၊ ဖြန့်ချိရေးလုပ်ငန်းများနှင့် တွေ့ဆုံနိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ရှာဖွေနိုင်ရန်၊ အခွင့်အရေးကောင်းများရရှိစေရန် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

## မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ ရန်ကုန်မြို့မှ အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသမည်

**ရန်ကုန် ဇွန် ၂၇**

မွန်ပြည်နယ် ခုတင်(၅၀၀)ဆံ့ မော်လမြိုင် ပြည်သူ့ဆေးရုံကြီး၌ ရန်ကုန်မြို့မှ အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်း ဆေးကုသမည်ဖြစ်ကြောင်း အဆိုပါ ဆေးရုံမှ သိရသည်။

ဇူလိုင် ၁၁ ရက်မှ ၁၂ ရက်အထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးများမှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ ပါဝင်သော အထူးကုကွင်းဆင်း ကုသရေးအဖွဲ့က လာရောက်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

မော်လမြိုင် ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ကုသမည့် အထူးကုကွင်းဆင်း ကုသရေးအဖွဲ့တွင် ဦးနှောက်နှင့် အာရုံကြောရောဂါများ၊ နှလုံးဆေးကုသမှုဆိုင်ရာ ရောဂါများ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ရင်ခေါင်းဆေးကုသမှုဆိုင်ရာ ရောဂါများ၊ အရိုးအကြော အဆစ်ဆိုင်ရာ ရောဂါများ၊ ဆီးချိုနှင့် ဟော်မုန်း ဆိုင်ရာရောဂါများ၊ ဆီးနှင့် ကျောက်ကပ်ရောဂါများ၊ အရိုး၊ အကြော၊ အဆစ်ရောဂါများ၊ ကလေးသွေးရောဂါများ၊ ကလေးဦးနှောက်နှင့် အာရုံကြောရောဂါများ စသည်တို့ကို ကုသပေးမည့် သက်ဆိုင်ရာ ကျွမ်းကျင် အထူးကုဆရာဝန်ကြီးများ ပါဝင်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

**MT**

## ကျောက်ဆည်မြို့၌ Herbal Soap ပြုလုပ်ခြင်း နည်းပညာလွှဲပြောင်းပွဲကျင်းပ

**ကျောက်ဆည် ဇွန် ၂၇**

ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာန၌ Herbal Soap ပြုလုပ်ခြင်း သင်တန်းနှင့် နည်းပညာလွှဲပြောင်းပွဲကို ဇွန် ၂၅ ရက်က ဇီဝနည်းပညာသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ်(တာဝန်ခံ) ဒေါက်တာအေးအေးခိုင်က သင်တန်းများ၊ နည်းပညာ လွှဲပြောင်းခြင်းများ နှစ်စဉ်ကျင်းပလျက်ရှိရာ Herbal



Soap ပြုလုပ်နည်း သုတေသနကို လွှဲပြောင်းခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းမှူး ဒေါက်တာခင်မြတ်လွင်က Herbal Soap ပြုလုပ်ပုံအဆင့်ဆင့် နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်(တာဝန်ခံ)က Golden Goat ကုမ္ပဏီလီမိတက်ထံသို့ နည်းပညာလွှဲပြောင်းခြင်းနှင့် ဆိုင်သည့် မှတ်တမ်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက ရှားစောင်းပိုးဥအိမ်နှင့် သစ်ခွမျက်နှာသစ်ဆပ်ပြာ ပြုလုပ်ခြင်း နည်းပညာများကို လက်တွေ့သင်ကြားခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## မန္တလေးနည်းပညာတက္ကသိုလ်၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**မန္တလေး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးသင်တန်းကို ဇွန် ၂၅ ရက်က ဖွင့်လှစ်ပို့ချပေးသည်။

သင်တန်းတွင် အမှတ်(၈၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ပုသိမ်ကြီး)မှ ဒုရဲမှူး ကံညွှန့်က ကျောင်းသား ကျောင်းသူများနှင့် တက်ရောက်လာသူများအား ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် လိုက်နာရမည့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေများ၊



လမ်းညွှန်အမှတ်အသားများနှင့် စနစ်တကျမောင်းနှင်ခြင်းဆိုင်ရာ အခြေခံအသိပညာများကို ရှင်းလင်းဆွေးနွေးသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သရက်ချောင်းမြို့နယ်၌ ကော်ဖီ၊ ကိုကိုးပျိုးပင်များ ပေးအပ်

**သရက်ချောင်း ဇွန် ၂၇**

သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့



နံနက်ပိုင်းက ဥယျာဉ်ခြံစိုက်ပျိုးသော အကျိုးဆောင် ဥယျာဉ်ခြံရှင်များအား ကော်ဖီ၊ ကိုကိုး၊ သီဟိုဠ်၊ ဒူးရင်း၊ မင်းဂွတ်၊ အုန်းပျိုးပင်များ ဖြန့်ဖြူးပေးအပ်ပွဲကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းက ပျိုးပင်များ ဖြန့်ဖြူးပေးအပ်ခြင်းကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တာဝန်ရှိသူများက ပျိုးပင်များအား ဥယျာဉ်ခြံရှင်များထံ ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင် (ပြန်/ဆက်)**

ပညာရွှေအိုး လူမခိုး ပညာရဲရင့် ပွဲလယ်တင့်

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

**နေပြည်တော် ဇွန် ၂၇**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ ရသစာတမ်း၊ ဒုတိယဆုရ **“သုတိဩဘာ(ဆင်ပေါင်ဝဲ)”**ရေးသားသည့် **“ရွာဦးကျောင်းဆရာတော် တစ်ပါး၏ ဘဝမှတ်တမ်း”** စာအုပ်ကို ၂၀၂၆ ခုနှစ် ဇွန်လ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/၅၃၁)ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဟိုပုံးမြို့နယ်၌ မျိုးစေ့၊ ပျိုးပင်၊ မြေဩဇာနှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်

**ဟိုပုံး ဇွန် ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေမှ မျိုးစေ့ထုတ်နှင့် စံပြစိုက်ခင်းများအတွက် မျိုးစေ့၊ ပျိုးပင်၊ မြေဩဇာနှင့် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးရုံး၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်သန္တာလင်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက မြို့မအုပ်စု၊ ပေါင်လင်းကျေးရွာအုပ်စု၊ နမ့်ခုတ်ကျေးရွာအုပ်စုနှင့် လွယ်အွန့်ကျေးရွာအုပ်စုရှိ မျိုးစေ့ထုတ်နှင့် စံပြစိုက်ခင်းများအတွက် မျိုးစေ့၊ ပျိုးပင်၊ မြေဩဇာနှင့် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



ပင်လုံမြို့၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဇွန် ၂၅ ရက်က ပင်လုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လွိုင်လင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်က သင်တန်းဆင်းအမှာစကား ပြောကြားစဉ်။

မြို့နယ်(ပြန်/ဆက်)



ပန်းတောင်းမြို့နယ် သူရဲဇီးကျေးရွာ၌ ရေပြင်အသက်ကယ် သရုပ်ပြလေ့ကျင့်ခြင်းကို ဇွန် ၂၇ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကား ပြောကြားစဉ်။

လပြည့်လင်း(ပြန်/ဆက်)

# လယ်မှာ အပုပ် ယာမှာ အသုတ်

ဒေါက်တာတင်မာမာဦး (DOA)

မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို လုပ်ကိုင်နေသည့် ကျေးလက်နေပြည်သူများမှာ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိပြီး လယ်ယာလုပ်ငန်းများကို အောင်မြင်စွာလုပ်ဆောင်နိုင်ရေး၊ စိုက်ပျိုးသီးနှံများ လျာထားကေပြည့်မီစွာ စိုက်ပျိုးနိုင်ရေးနှင့် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးမှာ လွန်စွာအရေးကြီးပါသည်။

စပါးအပါအဝင် သီးနှံများ စိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း ဆိုသည့် နည်းလမ်းလေးသွယ်ကို စနစ်တကျ လက်တွေ့လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ မျိုးကောင်းမျိုးသန့်များ သုံးစွဲခြင်း၊ အသုံးပြုရမည့် မျိုးစေ့နှုန်းထား မှန်ကန်စွာအသုံးပြုပြီး ဒေသရေမြေနှင့်ကိုက်ညီသည့် မျိုးများကို ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးမြေများကို စနစ်တကျပြုပြင်ခြင်းနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိနိုင်မည့် သတ်မှတ်သွင်းအားစုများ အပြည့်အဝ ထည့်သွင်းပေးခြင်း၊ စိုက်ပျိုးရေဖူလုံစွာရရှိနိုင်စေရန် စနစ်တကျ စီမံဆောင်ရွက်ခြင်း၊ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်းနှင့် ခေတ်မီနည်းစနစ်များ အသုံးပြုခြင်းတို့ကို လိုက်နာလုပ်ဆောင်ကြရမည် ဖြစ်သည်။

> **“ တောင်သူဦးကြီးများအနေဖြင့် မိမိတို့စိုက်ပျိုးမည့် မြေအမျိုးအစား (လယ် သို့မဟုတ် ယာ)၏ သဘာဝကို သေချာစွာနားလည်ပြီး ရှေးကတောင်သူကြီးများ၏ လက်တွေ့ဆောင်ရွက်ရာမှရရှိလာသည့် အတွေ့အကြုံများ၊ လမ်းညွှန်မှုများကို မျက်မှောက်ခေတ်၏ ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်ဆောင်ရွက်ပါက တောင်သူဦးကြီးများအနေဖြင့် စိုက်သမျှသီးနှံတိုင်း အထွက်နှုန်းတိုးတက်ပြီး မြေကြီးမှရွှေသီးကာ အောင်မြင်ဖြစ်ထွန်းသော လယ်ယာစီးပွားကို ပိုင်ဆိုင်နိုင်မည် ”**

ပန်းတိုင်အထွက်နှုန်း တိုးတက်ရေးနှင့်အတူ သီးနှံစိုက်စွမ်းအားကို မြှင့်တင်နိုင်ရေးအတွက် မိုးစပါးတစ်သီးသာ စိုက်ပျိုးကြသည့် မြေယာများ အပေါ်တွင် ဒေသ၊ ရေ၊ မြေ အခြေအနေအပေါ် မူတည်ပြီး သီးထပ်သီးနှံ အပြည့်အဝစိုက်ပျိုးနိုင်ရေးနှင့် သီးညှပ်စိုက်ပျိုးနိုင်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ကာ စိုက်ပျိုးမြေများ စိုက်ဧရိယာပြည့်မီစွာ စိုက်ပျိုးနိုင်၍ သီးနှံများအထွက်နှုန်းကောင်းမွန်မှသာ ပြည်တွင်းစားသုံးမှု ဖူလုံပြီး ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် ပုံမှန်အားဖြင့် မိုးနှင့်အတူ ရှင်သန်ရပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည်။ **“မိုးရွာမှ ပျိုးသာမည်”** ဆိုသော စကားနှင့်အညီ မိုးကိုမျှော်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရသည်။ မိုးဦးကျ မိုးစတင်ရွာသည်မှ မိုးဦး၊ မိုးလယ်၊မိုးနှောင်းရာသီအလိုက်ရွာသွန်းသည့် မိုးရေချိန် အနည်းအများနှင့် စိုက်ပျိုးသည့် ရေမြေဒေသအခြေအနေအပေါ် မူတည်ပြီး လုပ်ငန်းအဆင့်ဆင့်ကို အချိန်အခါမီ ဆောင်ရွက်ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယခုအချိန်အခါသည် မိုးစပါးနှင့် မိုးသီးနှံများ စိုက်ပျိုးရန်အတွက် လယ်ယာမြေပြုပြင်ခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းစသည့် တောင်သူဦးကြီးများ လုပ်ငန်းခွင်ဝင်ချိန်ကာလဖြစ်သည်။ ထွန်ယက်စိုက်ပျိုးခြင်းလုပ်ငန်းများဖြစ်သည့် လယ်ထွန်ခြင်း၊ ကောက်စိုက်ခြင်း၊ ပျိုးနုတ်ခြင်းစသည့် လုပ်ငန်းများသည် စပါးစိုက်ပျိုးရာတွင် အရေးပါသည့် လုပ်ငန်းများဖြစ်သည်။

စိုက်ပျိုးလျက်ရှိသည့် စပါးအပါအဝင် မိုးသီးနှံများအားလုံး ဖြစ်ထွန်းရှင်သန်အောင် ဆောင်ရွက်ရမည့်အပြင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစွာထွက်ရှိရေးကိုလည်း ကြိုးပမ်းကြရမည်ဖြစ်သည်။ မိုးဦးသီးနှံများ စိုက်ပျိုးရာတွင် သီးနှံအလိုက် လိုအပ်သည့် မြေအစိုဓာတ်ရရှိအောင် မိုးရွာသွန်းသည်နှင့် တစ်ပြိုင်နက် မြေယာပြုပြင်စိုက်ပျိုးရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ ရှေးလူကြီးသူမများက ကာလရှည်ကြာ လက်တွေ့လုပ်ကိုင်မှုအတွေ့အကြုံများမှတစ်ဆင့် စိုက်ပျိုးရေးလမ်းညွှန်ချက်များကို စကားပုံများအဖြစ် ချန်ရစ်ခဲ့ကြသည်။ ထိုအထဲတွင် မြေယာပြုပြင်ခြင်းနှင့်ပတ်သက်၍ အလွန်တန်ဖိုးရှိလှသောစကားပုံတစ်ခုမှာ**“လယ်မှာ အပုပ်၊ ယာမှာ အသုတ်”** ဖြစ်သည်။ ဤစကားပုံသည် လယ်မြေနှင့် ယာမြေတို့၏ ကွဲပြားခြားနားသော သဘာဝနှင့် ယင်းတို့အပေါ်မူတည်၍ လုပ်ဆောင်ရမည့် ထယ်ရေးထွန်ရေးနည်းစနစ်များကို အနှစ်ချုပ်ဖော်ပြထားခြင်းဖြစ်သည်။

လယ်ဟုဆိုလျှင် မိုးရေ သို့မဟုတ် ဆည်ရေကို လှောင်ပိတ်၍ စပါးစိုက်ပျိုးသည့် ရေဝပ်မြေမျိုးကို ဆိုလိုသည်။ လယ်စိုက်ပျိုးရာတွင် အဓိကသော့ချက်မှာ **မြေကြီးကို ဆွေးမြည့်စေခြင်း(သို့မဟုတ်) တမန်းပုပ်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။** ထယ်ထိုးပြီးနောက် မြေဆီလွှာအတွင်းရှိ ကောက်ရိုးဟောင်းများ၊ ပေါင်းမြက်များနှင့် သဘာဝမြေသြဇာများ ရေအောက်တွင် စနစ်တကျ ပုပ်သိုးဆွေးမြည့်သွားစေရန် အချိန်ပေးရမည်။

မြေကြီးကို သနပ်ခါးသွေးထားသကဲ့သို့ မှုန့်ညက်နေအောင် ထွန်မွှေရမည်။ ထို့နောက် ရေသွင်းကာ ရက်အနည်းငယ်ကြာအောင် တမန်းပုပ်အောင် ထားရပါမည်။ ပေါင်းမြက်များနှင့် သီးနှံအကြွင်းအကျန်များ ပုပ်ဆွေးသွားသောအခါ အပင်အတွက် အလွန်ကောင်းမွန်သော သဘာဝမြေဆွေး (Organic Matter) ဖြစ်လာပြီး စပါးပင်အတွက် လိုအပ်သည့်အာဟာရဓာတ်များ ရရှိစေကာ ပေါင်းမြက်ပေါက်ရောက်မှုကိုလည်း သိသိသာသာ လျှော့ချပေးနိုင်မည်ဖြစ်သည်။

ယာမြေဟူသည် ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ပြောင်း အစရှိသည့် ယာသီးနှံများ စိုက်ပျိုးသည့် ကုန်းမြေ၊ မိုးရေသောက်မြေ သို့မဟုတ် အစိုဓာတ်နည်းသော မြေအမျိုးအစားဖြစ်သည်။ ဤနေရာတွင်မူ**“အသုတ်”** ဟူသော စကားရပ်အတိုင်း **မြန်ဆန်သွက်လက်ရန်** လိုအပ်မှုအား ဖော်ပြထားပါသည်။ ယာမြေ၌ ထယ်ရေးထွန်ရေး လုပ်ဆောင်ရာတွင် လယ်မြေကဲ့သို့ ရေဝပ်မနေဘဲ လေတိုက်ခတ်မှုနှင့် နေရောင်ခြည်တို့ကြောင့် မြေတွင်းအစိုဓာတ် အလွယ်တကူ ခန်းခြောက်သွားတတ်သည်။

ထို့ကြောင့် မြေပြုပြင်ရာတွင် **“သုတ်သုတ် ပျာပျာ”** မြန်မြန်ဆန်ဆန်လုပ်ဆောင်ရန် လိုအပ်သည်။ မြေလှန် (ထယ်ထိုး) ပြီးသည်နှင့် မြေကြီးခဲများကို မြန်မြန်မွှေ၊ မြန်မြန်ကြိတ်ကာ အပေါ်ယံ မြေလွှာကို ညှိရမည်။ မြေကြီးကို ဖွင့်ထားသည့်အချိန်ကြာသွားပါက မြေတွင်းရှိ အဖိုးတန်အစိုဓာတ်များ အငွေ့ပြန်ဆုံးရှုံးသွားမည်ဖြစ်သည်။ ထွန်ရေးကို သွက်သွက်လုပ်ပြီး မျိုးစေ့ကို အချိန်မီချနိုင်ပါက မြေတွင်းအစိုဓာတ်(Residual Moisture)ကို အပြည့်အဝ အသုံးချနိုင်ကာ မျိုးစေ့အပင်ပေါက်နှုန်း ညီညာကောင်းမွန်စေသည်။ ယာမြေတွင် ထွန်ရေးအကြာကြီးဆွဲနေပါက အစိုဓာတ်ခန်းခြောက်ပြီး အပင်ပေါက်ရန် ခက်ခဲသွားတတ်သည်။

လယ်ယာကဏ္ဍတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲလျက်ရှိရာ စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့သိုလှောင်ချိန်အထိ စက်ကိရိယာများ သုံးစွဲဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်သည်။ မြေယာပြုပြင်ခြင်းလုပ်ငန်းများတွင် ထွန်စက်ကြီးများ၊ လက်တွန်းထွန်စက်များကို အသုံးပြုလာကြသဖြင့် အချိန်ကုန် လူပင်ပန်း သက်သာလာသည်မှာ မှန်သော်လည်း **“လယ်မှာ အပုပ်၊ ယာမှာ အသုတ်”** ဟူသော သဘာဝတရား နိယာမကမူ ပြောင်းလဲမသွားပေ။

တောင်သူဦးကြီးများအနေဖြင့် စက်ကိရိယာများအသုံးပြု၍ အလျင်အမြန်ထွန်ယက်နိုင်သော်လည်း စပါးမစိုက်မီ ကောက်ရိုးနှင့်ပေါင်းမြက်များ မြေကြီးထဲတွင် ပုပ်ဆွေးပြီး တမန်းညက်စေရန် လိုအပ်သော အချိန်ကာလတစ်ခုကို မပျက်မကွက်စောင့်ဆိုင်းပေးရန် လိုအပ်သကဲ့သို့ ယာသီးနှံများ စိုက်ပျိုးရာတွင် စက်အင်အားကို အသုံးပြု၍ တစ်ပြိုင်တည်းထယ်ထိုး၊ ထွန်မွှေ၊ မြေညှိခြင်းများကို ခပ်သွက်သွက် ဆောင်ရွက်ခြင်းဖြင့် မြေဆီလွှာ အစိုဓာတ်ကိုကောင်းမွန်စွာ ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

**“လယ်မှာ အပုပ် ယာမှာ အသုတ်”** ဆိုသည့် ရှေးစကားပုံသည် ရိုးရှင်းသော်လည်း စိုက်ပျိုးရေးပညာရပ်၏ အခြေခံအကျဆုံးဖြစ်သော “မြေဆီလွှာနှင့် ရေစီမံခန့်ခွဲမှု” (Soil and Water Management) ကို ထိရောက်စွာ လမ်းညွှန်နေခြင်းဖြစ်သည်။ တောင်သူဦးကြီးများအနေဖြင့် မိမိတို့စိုက်ပျိုးမည့် မြေအမျိုးအစား (လယ် သို့မဟုတ် ယာ) ၏ သဘာဝကို သေချာစွာနားလည်ပြီး ရှေးက တောင်သူကြီးများ၏ လက်တွေ့ဆောင်ရွက်ရာမှ ရရှိလာသည့် အတွေ့အကြုံများ၊ လမ်းညွှန်မှုများကို မျက်မှောက်ခေတ်၏ ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်ဆောင်ရွက်ပါက တောင်သူဦးကြီးများအနေဖြင့် စိုက်သမျှသီးနှံတိုင်း အထွက်နှုန်းတိုးတက်ပြီး မြေကြီးမှရွှေသီးကာ အောင်မြင်ဖြစ်ထွန်းသော လယ်ယာစီးပွားကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ရေနံချောင်းမြို့၌ မြို့နယ်ဂီတအစည်းအရုံးအဖွဲ့ ရွေးချယ်ဖွဲ့စည်း



ရေနံချောင်း ဇွန် ၂၇

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ မြို့နယ်ဂီတ အစည်းအရုံးအဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း အခမ်းအနားကို ယမန်နေ့က အလင်း စေတမန်စာကြည့်တိုက်ခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီး ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးအောင်သန်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဂီတအစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြို့နယ်ဂီတအစည်းအရုံးအဖွဲ့၏ အလုပ်အမှုဆောင် ကော်မတီအဖွဲ့ဝင်များအဖြစ် မြို့နယ်ဂီတအစည်းအရုံးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို သတ်မှတ် စည်းကမ်းချက်များနှင့်အညီ စိစစ်ရွေးချယ် ဖွဲ့စည်းပေးခဲ့ပြီး သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုးကြီး(ပြန်/ဆက်)

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

## ဘိုကလေးမြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ပေးအပ်



ဘိုကလေး ဇွန် ၂၇

ဧရာဝတီတိုင်း ဒေသကြီး ဘိုကလေးမြို့နယ် မြေစာရင်းဦးစီးဌာနမှ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်မြေစာရင်းဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ အင်အား ၁၀၀ ခန့် တက်ရောက်ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားကာ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးညွန့်ထွေးက ပုံစံ(၇)ပြင်ဆင်ထုတ်ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ တောင်သူများအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) များ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

**နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**

## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ ကွန်ပျူတာအခြေပြု စာမေးပွဲစင်တာ ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၇**

ကွန်ပျူတာအခြေပြု စာမေးပွဲစင်တာ (Computer Based Examination Centre) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလှ၊ ဌာနဆိုင်ရာများ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရေကြောင်းဘက်ဆိုင်ရာသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Computer Based Examination Centre ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော စည်းမျဉ်းနှင့် Standard Operation Procedure များထုတ်ပြန်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် Computer Based Examination Center ဆိုင်းဘုတ်အားစက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ကွန်ပျူတာစနစ်ဖြင့် လက်တွေ့သရုပ်ပြ စာမေးပွဲစစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဆင်ပေါင်ဝဲမြို့နယ်၌ ထင်းအစား အခြားလောင်စာ တိုးမြှင့်သုံးစွဲရေးလူထုပညာပေး



**ဆင်ပေါင်ဝဲ ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး အပ္ပုပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ထင်းအစား အခြားလောင်စာ တိုးမြှင့်သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လူထုပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကိုးပင်ကျေးရွာရှိ ဝေဠုဝန် မစိုးရိမ်ကျောင်းတိုက် ဓမ္မာရုံအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအပ္ပုပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ထင်းအစား အခြားလောင်စာ တိုးမြှင့်အသုံးပြုရန် လူထုအသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး အပ္ပုပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဟောပြောပွဲ တက်ရောက်သည့် အိမ်ထောင်စုဝင် ၄၂၀ ဦးအတွက် စွမ်းအားမြင့် အဝေမ်းမီးဖို ၄၂၀ လုံးကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## တာချီလိတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်

**တာချီလိတ် ဇွန် ၂၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်မြို့နယ်ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) ရန်အောင်မြေကျောင်း၌ ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်ပြီးသူ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၇၁ ဦးကို နေ့ချင်းပြီးဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ လဝကခရိုင်ဦးစီးမှူး ဦးစိုးလင်းအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

## ကလေးမြို့၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကျင်းပ

**ကလေး ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန



အနေဖြင့် ဇွန် ၂၃ ရက်က အခြေခံ၊ မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကလေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထန်လမ်းဒိမ်က သင်တန်းဖွင့်လှစ်သင်ကြားပေးနေမှုများ၊ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ဆက်လက်ဖွင့်လှစ်သင်ကြားပို့ချသွားမည့် သင်တန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းသုံးစွည်းများပေးအပ်ပြီး အဆိုပါသင်တန်းကို ဇွန် ၂၃ ရက်မှ ဇူလိုင် ၂၂ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မုံရွာ(ကိုယ်ပွား)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မုဒုံမြို့ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း၌ လက်ရက်ကန်းသင်တန်းဆင်းပွဲကျင်းပ

**မုဒုံ ဇွန် ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲနှင့် လက်ရက်ကန်း ခြောက်လပထမအကြိမ် သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က မုဒုံမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးက ဝင်ငွေတိုးစီမံကိန်းသည် အသေးစားကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ကျေးလက်နေပြည်သူများရရှိစေရန်၊ ကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်စေရန်နှင့် လူမှုစီးပွားဘဝ မြှင့်တင်နိုင်စေရန်ဖြစ်ကြောင်း၊ ရက်ကန်းသင်တန်းဆင်းများအနေဖြင့် ပညာရပ်များ အမှန်တကယ်တတ်မြောက်၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့် ပြည်နယ် ကရင်၊ ပအိုဝ်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က လုပ်ငန်းထူထောင်မည့် ငါးဦးအား လုပ်ငန်းသုံးပစ္စည်းများပေးအပ်ခြင်း၊ ရက်ကန်းသင်တန်းဆင်းထူးချွန်သူ တစ်ဦးအား ရက်ကန်းနှင့် ဆက်စပ်ပစ္စည်းများနှင့် သင်တန်းဆင်းအောင်လက်မှတ်ချီးမြှင့်ခြင်းနှင့် လုပ်ငန်းသုံးစက်ပစ္စည်းများ၊ သင်တန်းဆင်းလက်ရာများအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## စာကြည့်တိုက်မှူးများနှင့် AI (Artificial Intelligence) ခေါင်းစဉ်ဖြင့် ဟောပြောပို့ချမှုနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၇**

စာကြည့်တိုက်မှူးများနှင့် AI (Artificial Intelligence) ဟောပြောပို့ချမှုနှင့်အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားစာကြည့်တိုက်(ရန်ကုန် )၌ ပြုလုပ်ရာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ငွေးငွေးဆွေက အမှာစကားပြောကြားပြီး ဒေါက်တာထွန်းအောင်ကျော် (ပါမောက္ခ (ငြိမ်း)၊ စာကြည့်တိုက်နှင့်သုတပညာ၊ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန) က AI and its Usefulness ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာခင်လေးစိုး (ညွှန်ကြားရေးမှူး (ငြိမ်း)၊ ဆီမီယိုဒေသဆိုင်ရာ သမိုင်းရိုးရာဓလေ့ဌာန)က မြန်မာနိုင်ငံရှိ စာကြည့်တိုက်များအတွက် ဉာဏ်ရည်တုအသုံးပြုရေးဆိုင်ရာ မူဝါဒချမှတ်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပို့ချကြသည်။

မွန်းလွဲပိုင်းတွင် စာကြည့်တိုက်မှူးများနှင့် AI (Artificial Intelligence) အလုပ်ရုံဆွေးနွေးပွဲကိုဆက်လက်ပြုလုပ်ရာ စာကြည့်တိုက်မှူးများက အဖွဲ့များဖွဲ့၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသူရ**



## ဂျပန်နိုင်ငံက အီရန်၊ လက်ဘနွန်နှင့် အနောက်ဘက်ကမ်းဒေသသို့ အမေရိကန်ဒေါ်လာ ၁၅ သန်း ထောက်ပံ့ပေးမည်

**တိုကျို ဇွန် ၂၇**

ဂျပန်နိုင်ငံသည် အီရန်၊ လက်ဘနွန်နှင့် အနောက်ဘက်ကမ်းဒေသတို့တွင် ဆိုးရွားလာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် အရေးပေါ်ထောက်ပံ့ကူညီငွေ အမေရိကန်ဒေါ်လာ ၁၅ သန်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ကူညီမှုနှင့်ပတ်သက်၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတေဂီတိုရှိမီဆူက ဇွန် ၂၆ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် အီရန်သို့ အမေရိကန်ဒေါ်လာ ၁၀ သန်း၊ လက်ဘနွန်သို့ အမေရိကန်ဒေါ်လာ လေးသန်းနှင့် အနောက်ဘက်ကမ်းဒေသသို့ အမေရိကန်ဒေါ်လာ တစ်သန်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## ကမ္ဘာတစ်ဝန်း အလုပ်အကိုင်ပေါင်း တစ်သိန်း လျှော့ချရန် Volkswagen စီစဉ်




**ဘာလင် ဇွန် ၂၇**

Volkswagen ကားကုမ္ပဏီသည် ကမ္ဘာတစ်ဝန်းရှိ အလုပ်အကိုင် တစ်သိန်းအထိ လျှော့ချသွားမည်ဖြစ်ပြီး ဂျာမနီနိုင်ငံရှိ စက်ရုံလေးရုံကိုလည်း တဖြည်းဖြည်း ပိတ်သိမ်းသွားဖွယ်ရှိကြောင်း ကုမ္ပဏီ၏အတွင်းသတင်းရင်းမြစ်ကို ကိုးကား၍ ဇွန် ၂၆ ရက်ထုတ် Manager Magazin စီးပွားရေးမဂ္ဂဇင်းတွင် ဖော်ပြထားသည်။

ယခင်က အလုပ်အကိုင် ၅၀၀၀၀ လျှော့ချမည်ဟု ကြေညာထားသော်လည်း ယခုအခါ ယင်းပမာဏ၏ နှစ်ဆအထိ တိုးမြှင့်လျှော့ချဖွယ်ရှိကြောင်း၊ အဆိုပါအစီအစဉ်မှာ ဇွန် ၂၄ ရက်က Volkswagen ကုမ္ပဏီ အမှုဆောင်အဖွဲ့ ဆွေးနွေးခဲ့သည့် ၂၀၃၀ မဟာဗျူဟာအသစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်းလည်း ဖော်ပြထားသည်။ ယင်းမဟာဗျူဟာကို ဇူလိုင် ၉ ရက်တွင် ကုမ္ပဏီ၏ ကြီးကြပ်ရေးဘုတ်အဖွဲ့ထံ တင်ပြဆွေးနွေးသွားမည်ဖြစ်သည်။ **ဆင်ဟွာ**

## ဗင်နီဇွဲလား၌ အင်အားပြင်းငလျင်ကြောင့် သေဆုံးသူ ၉၂၀ ရှိလာ

**ကာရာကတ်စ် ဇွန် ၂၇**

ဗင်နီဇွဲလားနိုင်ငံ၌ ဇွန် ၂၄ ရက်က အင်အားပြင်းထန်သောငလျင်များ လှုပ်ခတ်ခဲ့ပြီးနောက် ၄၈ နာရီကျော် ကြာမြင့်လာပြီဖြစ်သဖြင့် အဆောက်အအုံအပျက်အစီးများအောက် ပိတ်မိနေသူများအား ကယ်ထုတ်နိုင်ရေး အချိန်နှင့်အမျှ ဆက်လက်ကြိုးပမ်းဆောင်ရွက်နေကြသည်။

ပြင်းအား ၇ အထက်ရှိ ငလျင်နှစ်ခုသည် ဗင်နီဇွဲလားနိုင်ငံ အနောက်မြောက်ပိုင်းတွင် ဇွန် ၂၄ ရက် ညနေပိုင်းက တစ်မိနစ်အတွင်း ဆက်တိုက် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ဗင်နီဇွဲလားလွှတ်တော်ဥက္ကဋ္ဌ ဂျော့ရှ်ဒရီဂွက်ဇ်က ငလျင်လှုပ်ခတ်မှုကြောင့် အတည်ပြုသေဆုံးသူ ၉၂၀ အထိ ရှိလာပြီဖြစ်ကြောင်းနှင့်




ထိခိုက်ဒဏ်ရာရရှိသူ ၃၃၆၀ ရှိလာပြီဖြစ်ကြောင်း၊ နေအိမ်များနှင့် အခြားအဆောက်အအုံ ၃၈၃ လုံး ဆိုးရွားစွာထိခိုက်ပျက်စီးခဲ့ကြောင်း ဇွန် ၂၆ ရက် မွန်းလွဲပိုင်းတွင် ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### ဘရူနိုင်း၌ အစားအသောက်ပွဲတော် (၂၀၂၆) ကျင်းပ

ဘရူနိုင်းနိုင်ငံ တူတောင်ခရိုင်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်၊ စီးပွားရေးအခွင့်အလမ်းများ တိုးချဲ့ရန်နှင့် လူမှုအသိုင်းအဝိုင်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ခရိုင်ကို ဦးစားပေးနေရာတစ်ခုအဖြစ် သတ်မှတ်နိုင်ရန်ရည်ရွယ်၍ အစားအသောက်ပွဲတော် (၂၀၂၆) ကို ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်ကြာ ကျင်းပလျက်ရှိသည်။ **ဆင်ဟွာ**

### ပိုလန်၌ အမြင့်ဆုံးအပူဒဏ်သတိပေးချက် ထုတ်ပြန်

ပိုလန်နိုင်ငံ မိုးလေဝသနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုအင်စတီကျူကဇွန် ၂၇ ရက် နံနက်ပိုင်းမှ ဇွန် ၂၉ ရက် ညနေပိုင်းအထိ အပူဒဏ်သတိပေးချက် အမြင့်ဆုံးအဆင့်ကို ထုတ်ပြန်ထားရာ ဇွန် ၂၈ ရက်တွင် အပူချိန်အမြင့်ဆုံးသို့ ရောက်ရှိမည်ဖြစ်ပြီး အချို့ဒေသများတွင် ၄၂ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိနိုင်ကြောင်း မိုးလေဝသဌာနက ပြောသည်။ ပိုလန်နိုင်ငံ၌ နှစ်ပေါင်း ၁၀၀ ကျော်အတွင်း မကြုံဖူးသည့် အပူလှိုင်းကျရောက်နေပြီး အချို့ဒေသများတွင် အပူချိန် စံချိန်ချိုးနိုင်ဖွယ်ရှိကြောင်း မိုးလေဝသပညာရှင်များက ဆိုသည်။ **ဆင်ဟွာ**

### ဗဟိုအာဖရိကသမ္မတနိုင်ငံ၌ ကာလဝမ်းရောဂါကြောင့် ၂၄ ဦး သေဆုံး

ဗဟိုအာဖရိကသမ္မတနိုင်ငံ၌ ကာလဝမ်းရောဂါကြောင့် သေဆုံးသူ ၂၄ ဦးရှိလာပြီးနောက် ကျန်းမာရေးနှင့် လူဦးရေဆိုင်ရာဝန်ကြီး ပီယာဆွမ်ဆီက နိုင်ငံအတွင်း ကာလဝမ်းရောဂါဖြစ်ပွားနေကြောင်း ဇွန် ၂၆ ရက်က ကြေညာခဲ့သည်။ ယခုအချိန်အထိ ကာလဝမ်းရောဂါ ကူးစက်ခံရသူ ၁၉၇ ဦးရှိပြီး သေဆုံးသူ ၂၄ ဦးရှိကြောင်း သိရသည်။ သေဆုံးမှုနှုန်းမှာ ၁၂ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ **ဆင်ဟွာ**

### ဆိုမာလီယာတပ်ဖွဲ့နှင့် မိတ်ဖက်များ ပူးပေါင်းစစ်ဆင်ရေးပြုလုပ်

ဆိုမာလီယာနိုင်ငံတောင်ဘက် အလယ်ရှာဘယ်လီဒေသ၌ ဆိုမာလီယာ အမျိုးသားတပ်မတော်နှင့် နိုင်ငံတကာမိတ်ဖက်များ ပူးပေါင်းဆောင်ရွက်သည့် စစ်ဆင်ရေးအတွင်း အယ်လ်-ရှာဘတ်စစ်သွေးကြွ ၃၀ သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ဇွန် ၂၇ ရက်တွင် ကြေညာသည်။ **ဆင်ဟွာ**



## ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ

ဇွန် ၂၉ ရက်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားတော့မှာဖြစ်ပြီး တောင်အာဖရိကက ပူးတွဲအိမ်ရှင် ကနေဒါ၊ နာမည်ကြီး ဘရာဇီးက ဂျပန်အသင်းနဲ့တွေ့ဆုံနေတာကြောင့် လက်မလွှတ်တမ်းစောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်**

| | | |
|---|---|---|
| တောင်အာဖရိက - ကနေဒါ | | နံနက် ၁း၃၀ |
| ဘရာဇီး - ဂျပန် | | ည ၁၁း၃၀ |

MON JUNE 29

# ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့် ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

■ မိုးဇက်

### တောင်အာဖရိက VS ကနေဒါ

သမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက်အဆင့်ကို ပထမဆုံးအကြိမ် တက်လှမ်းလာတဲ့ နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု ဖြစ်ပါတယ်။ ကစားသမားစုဖွဲ့မှုပိုင်းနဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်း သာလွန်မှုရှိတဲ့ ကနေဒါအသင်းရဲ့ ဖိအားပေးကစားမှုအောက် တောင်အာဖရိကရဲ့ အာရုံစူးစိုက်မှု နည်းတတ်တဲ့ ခံစစ်ပိုင်း အစပိုင်းမှာတင် အမှားအယွင်းပြုလုပ်ပြီး ရှန်းကန်ရနိုင်တယ်။ အိမ်ရှင်ပရိသတ်တွေရဲ့ တွန်းအားကြောင့် ကနေဒါအသင်းနိုင်ပွဲရပြီး ကမ္ဘာ့ဖလားသမိုင်းသစ် ဆက်လက်ရေးထိုးသွားဖွယ်ရှိတယ်။

### ဘရာဇီး VS ဂျပန်

ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံငါးကြိမ်နဲ့ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေတဲ့ ဘရာဇီးနဲ့ အာရှအင်အားကြီး ဂျပန်တို့ ထိပ်တိုက်တွေ့ဆုံတဲ့ ပွဲစဉ်ဖြစ်ပါတယ်။ ဘရာဇီးက ဗီနီးစီးယပ်စ်၊ ကွန်ညာတို့ ခြေစွမ်းပြမှုနဲ့အတူ အကောင်းဆုံးခြေစွမ်းရရှိနေတယ်။ အသင်းတိုင်းကို အနိုင်ယူနိုင်စွမ်းရှိတဲ့ ဂျပန်အသင်းအနေနဲ့ အတွေ့အကြုံပိုင်း၊ ထိပ်တန်းအဆင့် ကစားသမားပိုင်ဆိုင်မှုပိုင်းနဲ့ နည်းစနစ်ပိုင်း သာလွန်မှုရှိတဲ့ ဘရာဇီးအသင်းကို ပွဲချိန်တစ်လျှောက် ခက်ခက်ခဲခဲရုန်းကန်ရနိုင်ပြီး ရှုံးပွဲကြုံတွေ့ကာ နောက်တစ်ဆင့် တက်လှမ်းခွင့် လွဲချော်သွားဖွယ်ရှိတယ်။

| တောင်အာဖရိကအသင်း အုပ်စုတွင်း ဖြတ်ကျော်မှု | | |
|---|---|---|
| မက္ကဆီကို | ၂-၀ | တောင်အာဖရိက |
| ချက်ဇ် | ၁-၁ | တောင်အာဖရိက |
| တောင်အာဖရိက | ၁-၀ | တောင်ကိုရီးယား |

| ပူးတွဲအိမ်ရှင်ကနေဒါအသင်း အုပ်စုတွင်း ဖြတ်ကျော်မှု | | |
|---|---|---|
| ကနေဒါ | ၁-၁ | ဘော့စနီးယား |
| ကနေဒါ | ၆-၀ | ကာတာ |
| ဆွစ်ဇာလန် | ၂-၁ | ကနေဒါ |

| ဘရာဇီးအသင်း အုပ်စုတွင်း ဖြတ်ကျော်မှု | | |
|---|---|---|
| ဘရာဇီး | ၁-၁ | မိုရိုကို |
| ဘရာဇီး | ၃-၀ | ဟေတီ |
| စကော့တလန် | ၀-၃ | ဘရာဇီး |

| ဂျပန်အသင်း အုပ်စုတွင်း ဖြတ်ကျော်မှု | | |
|---|---|---|
| နယ်သာလန် | ၂-၂ | ဂျပန် |
| တူနီးရှား | ၀-၄ | ဂျပန် |
| ဂျပန် | ၁-၁ | ဆွီဒင် |

#### ■ အဓိကစောင့်ကြည့်ရမယ့် ကစားသမားများ (တောင်အာဖရိက)

**ရွန်ဝမ် ဝီလျံစ် (ဂိုးသမား)**
- **ထူးခြားချက်** - ထိပ်တန်းအဆင့် ပယ်နယ်တီကာကွယ်နိုင်စွမ်းရှိခြင်း။

**တီဗိုဟို မိုကိုအီနာ (ကွင်းလယ်)**
- **ထူးခြားချက်** - အဝေးကန်ချက် ပြင်းထန်အားပါခြင်း။

**တာပဲလို မာဆေကို (တောင်ပံတိုက်စစ်)**
- **ထူးခြားချက်** - လျင်မြန်ဖျတ်လတ်မှုနဲ့ တစ်ကိုယ်တော် ထိုးဖောက်နိုင်စွမ်းရှိခြင်း။

#### ■ အဓိကစောင့်ကြည့်ရမယ့် ကစားသမားများ (ကနေဒါ)

**အယ်လ်ဖွန်ဆို ဒေးဗီးစ် (ခံစစ်)**
- **ထူးခြားချက်** - ပြိုင်ဘက်ဧရိယာအတွင်းအထိ ထိုးဖောက်ဝင်ရောက်ပြီး ဂိုးဖန်တီးပေးနိုင်ခြင်း။

**ဂျိုနသန် ဒေးဗစ် (တိုက်စစ်)**
- **ထူးခြားချက်** - နေရာယူကောင်းမွန်မှုနဲ့ အဆုံးသတ်ဂိုးသွင်းယူမှု တည်ငြိမ်ခြင်း။

**တာဂျွန် ဘွတ်ခနန် (တောင်ပံတိုက်စစ်)**
- **ထူးခြားချက်** - တစ်ဦးချင်းဖြတ်ကျော်မှုနဲ့ လျင်လျင်မြန်မြန် ချိတ်ဆက်ကစားနိုင်ခြင်း။

#### ■ အဓိကစောင့်ကြည့်ရမယ့် ကစားသမားများ (ဘရာဇီး)

**ဗီနီစီးယပ်စ် ဂျူနီယာ (တောင်ပံတိုက်စစ်)**
- **ထူးခြားချက်** - တစ်ဦးချင်းကျော်ဖြတ်နိုင်စွမ်းနဲ့ ဂိုးသွင်းစွမ်းရည်မြင့်မားခြင်း။

**ဘရူနို ဂီမာရက်စ် (ကွင်းလယ်)**
- **ထူးခြားချက်** - ပေးပို့မှုတိကျခြင်းနဲ့ ဂိုးဖန်တီးပေးနိုင်ခြင်း။

**နေမာ (တိုက်စစ်)**
- **ထူးခြားချက်** - အတွေ့အကြုံ ရင့်ကျက်မှုနဲ့ အလွတ်တည်ကန်ဘော ကောင်းမွန်မှုရှိခြင်း။

#### ■ အဓိက စောင့်ကြည့်ရမယ့် ကစားသမားများ (ဂျပန်)

**ကို အီတာကူရာ (ခံစစ်)**
- **ထူးခြားချက်** - နေရာလွတ်ဖန်တီးမှုနဲ့ တိုက်စစ်လမ်းကြောင်း ပုံဖော်မှုကောင်းမွန်ခြင်း။

**ရီဆု ဒိုအန် (ကွင်းလယ်)**
- **ထူးခြားချက်** - ဖိအားများတဲ့ ပွဲကြီးတွေမှာ ဂိုးသွင်းလေ့ရှိခြင်း။

**ဒိုင်ဇင် မာအေဒါ (တိုက်စစ်)**
- **ထူးခြားချက်** - နေရာစုံလိုက်ပါကစားပြီး သွင်းဂိုးရယူနိုင်ခြင်း။

## ဒဂုံမြို့နယ်၌ မွန်ရိုးရာဝတ်စုံချုပ်လုပ်နည်း သင်တန်းဖွင့်



ရန်ကုန် ဇွန် ၂၇

မွန်ရိုးရာဝတ်စုံ ချုပ်လုပ်နည်း သင်တန်းဖွင့်ပွဲကို ဇွန် ၂၄ ရက်က ဒဂုံမြို့နယ်ရှိ မွန်ပိဋကတ်တိုက်၌ ကျင်းပရာ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အမှာစကားပြောကြားပြီး မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမင်းခင်စိန်က ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၂၀ ရက်မှ ဇူလိုင် ၂၆ ရက်အထိ သင်တန်းသူ ၃၀ အား အခြေခံကိုယ်တိုင်းနည်းမှစ၍ မွန်ရိုးရာဝတ်စုံချုပ်နည်း စံသတ်မှတ်ချက်များကို စာတွေ့ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မေစံပယ်စိုးမိုး(ပြန်/ဆက်)



## တပ်ကုန်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

တပ်ကုန်း ဇွန် ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် အခွန်ဦးစီးဌာနမှူးရုံးက အခွန်ပညာပေးဆွေးနွေးပွဲကို ဇွန် ၂၅ ရက်က တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာသင်းက အခွန်နှင့်ပတ်သက်၍ သိရှိရမည့် ကိစ္စရပ်များနှင့် လိုက်နာဆောင်ရွက်ရမည့် ဥပဒေများ၊ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးပြီး အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်စုစုပေါင်း ၁၁၀ တက်ရောက်ကြောင်း သိရသည်။ **တင်စိုးလွင်(ပြန်/ဆက်)**

## နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်မှု အထောက်အကူပြု ပျားမွေးမြူရေးသင်တန်းဖွင့်

ထားဝယ် ဇွန် ၂၇

စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး အထောက်အကူပြု ပျားမွေးမြူရေးသင်တန်းကို ဇွန် ၂၅ ရက်က စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးရုံး၌ ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ကျော်ကျော်ဦး တက်ရောက်ပြီး သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ ပညာပေးသင်တန်းသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အကျိုးဆောင်တောင်သူများ တက်ရောက်ပြီး သင်တန်းနည်းပြ ဦးစောကျော်ကျော်လင်းက ပျားမွေးမြူရေးဆိုင်ရာများ



ကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## ရွှေကျင်ပြည်သူ့ဆေးရုံ၌ သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေး

ရွှေကျင် ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကုသရေးဦးစီးဌာန ရွှေကျင်မြို့ခုတင်(၁၀၀)ပြည်သူ့ဆေးရုံ၌ ဇွန် ၂၅ ရက်က သွေးလွန်တုပ်ကွေးရောဂါအကြောင်း သင်တန်းပေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်း ဆောင်ရွက်ရာ ဆေးရုံအုပ်ကြီး၏ ဦးဆောင်မှုဖြင့် ကလေးအထူးကုဆရာဝန်က သူနာပြုများအား သွေးလွန်တုပ်ကွေးရောဂါအကြောင်း သင်တန်းပို့ချပေးပြီး ဆေးရုံအုပ် ဒေါက်တာမြတ်သူက လူနာစောင့်များအား ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့ကြသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

## ကျိုက်လတ်မြို့နယ်၌ ကျေးရွာမြေပုံဇယားရန် ထုတ်ပေးနိုင်ရေး ဆောင်ရွက်



ကျိုက်လတ် ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်းရှိ မြို့နယ်များ၌ ကျေးရွာမြေပုံဇယားရန် ထုတ်ပေးနိုင်ရေးအတွက် ဇွန် ၂၅ ရက်က ကျေးရွာမြေပုံဇယားရန်ထုတ်ပေးနိုင်ရေး ရွေးချယ်ထားသည့် ရုံးဒေါင့်ကျေးရွာအုပ်စုမြေနေရာကို မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၏ ကျေးရွာမြေတိုင်းတာမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင် (နယ်နိမိတ်သတ်မှတ်ရေးအရာရှိ)နှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်သူလင်း (နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ)တို့က ကြပ်မတ်ဆောင်ရွက်ခဲ့ကြသည်။

လှိုင်မင်းအောင်(ပြန်/ဆက်)

## တောင်ငူတက္ကသိုလ် ဥပဒေပညာဌာနမှ ကျောင်းသား ကျောင်းသူများ တောင်ငူခရိုင်တရားရုံးသို့ သွားရောက်လေ့လာ

တောင်ငူ ဇွန် ၂၇

တောင်ငူမြို့ တောင်ငူတက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် ဇွန် ၂၅ ရက်က တောင်ငူခရိုင်တရားရုံး၌ တရားခွင်လက်တွေ့မှုခင်းစစ်ဆေးမှုကို သွားရောက်လေ့လာကြသည်။

ထိုသို့လေ့လာရာတွင် တောင်ငူတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ အေးအေးကြိုင် ဦးဆောင်သော ဆရာဆရာမ ခုနစ်ဦးနှင့် ကျောင်းသား ကျောင်းသူ ၄၀ တို့အား ခရိုင်တရားသူကြီး ဦးကြည်မင်းစိုးနှင့် တရားသူကြီးများ၊ တရားရေးအရာရှိများက



ခရိုင်တရားရုံးရှိ ဆောင်ရွက်ချက်များကို ရှင်းလင်းပြသသည်။

ဇော်ကိုကို(တောင်ငူ)



## ကျွန်းစုမြို့နယ်၌ အခြေခံအပ်ချုပ်စက်သင်တန်းဆင်း

ကျွန်းစု ဇွန် ၂၇

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အခြေခံအပ်ချုပ်စက်သင်တန်း ၄၅ ရက်သင်တန်းကို ဖွင့်လှစ်သင်ကြားပြီးဖြစ်၍ သင်တန်းဆင်းပွဲကို ဇွန် ၂၅ ရက်က ကမ်းကြီးကျေးရွာ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသူထူးချွန်ဆု၊ သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြအား အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

## မအူပင်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေး



မအူပင် ဇွန် ၂၇

မအူပင်မြို့ အမှတ်(၁)ရပ်ကွက်ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ပညာဖြိုးဝေခန်းမ၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေးခြင်းကို ဇွန် ၂၄ ရက်က ခရိုင်ပညာရေးမှူး ဦးမြတ်မိုး၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နီစိုး၊ မြို့နယ် ပညာရေးမှူးနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးတို့က ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့်UID ကတ်များ ပေးအပ်ခဲ့သည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

## ညောင်လေးပင်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲ ကျင်းပ

ညောင်လေးပင် ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ပြည်တွင်းအခွန်ဦးစီးဌာနက ဇွန် ၂၅ ရက်တွင် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နီလာထွန်းက ပြည်တွင်းအခွန်ဦးစီးဌာနက ကောက်ခံဆောင်ရွက်နေသော အခွန်များအကြောင်းနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူ



များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပန်းတောင်းမြို့နယ်၌ စပါးခွံပေါင်းခံရည်ထုတ်လုပ်မှု သရုပ်ပြ

**ပန်းတောင်း ဇွန် ၂၇**
ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများအား စပါးခွံမီးသွေး၊ သဘာဝမြေဩဇာ (ဘိုင်အိုချာ) ထုတ်လုပ်၍ စပါးခွံပေါင်းခံရည်ထုတ်လုပ်မှု သရုပ်ပြပွဲကို ဇွန် ၂၄ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန သိုလှောင်ရုံ၌ ပြုလုပ်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးအေးသင်းက



စပါးခွံ မီးသွေး၊ သဘာဝမြေဩဇာ (ဘိုင်အိုချာ) ထုတ်လုပ်၍ စပါးခွံ ပေါင်းခံရည် ထုတ်လုပ်မှု၊ ဘက်စုံ ပိုးမွှားရောဂါကာကွယ်ရေးအတွက် အသုံးပြုပုံနှင့် ထုတ်လုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တက်ရောက်လာကြသော ဒေသခံတောင်သူများက လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ Rice Export Zone (REZ) စနစ်ဖြင့် စိုက်ပျိုးစရိတ်ပံ့ပိုးငွေပေးအပ်




**ဓနုဖြူ ဇွန် ၂၇**
ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် မိုးစပါးရာသီ Rice Export Zone (REZ)စနစ်ဖြင့် စိုက်ပျိုးစရိတ်ပံ့ပိုးငွေပေးအပ်ပွဲကို ဇွန် ၂၂ ရက်က ကဥ္စနကျွန်းသာကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက Rice Export Zone နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက Rice Export Zone ဆောင်ရွက်သည့် တောင်သူများအား သွင်းအားစု ဓာတ်မြေဩဇာများ၊ စိုက်ပျိုးစရိတ်ပံ့ပိုးငွေများ၊ မျိုးစပါးများ ပေးအပ်ခဲ့ကြသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ဒက္ခိဏသီရိမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**နေပြည်တော် ဇွန် ၂၇**
ပြည်ထောင်စုနယ်မြေ သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးပွဲကို ဇွန် ၂၅ ရက်က ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သက်သဉ္ဇာနွယ်က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာသင်းက အခွန်ဆိုင်ရာပြဋ္ဌာန်းချက်များ၊ အခွန်အမျိုးအစားများကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ အခွန်ထမ်းပြည်သူများနှင့်



ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သျှင်ဦးမောင်(ဒက္ခိဏ)**

## စဉ့်ကူးမြို့နယ်၌ မှိုစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**စဉ့်ကူး ဇွန် ၂၇**
စဉ့်ကူးမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနက မှိုစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို



ဇွန် ၂၄ ရက်က စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း၊ ဌာနဆိုင်ရာများ၊ ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီး ဒေါ်ခင်ဌေးမြင့်က မှိုစိုက်ပျိုးရာတွင် လိုက်နာရမည့် ဆောင်ရန် ရှောင်ရန်အချက်များနှင့် သိုလှောင်သိမ်းဆည်းထားသိုနည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**တင်ဇာလွင် (ပြန်/ဆက်)**

## ရေမြေရာသီဥတုနှင့်ကိုက်ညီသော ကြံစိုက်နည်းစနစ်များ ဖော်ထုတ်အသုံးပြုရေး ဆွေးနွေး

**လယ်ဝေး ဇွန် ၂၇**
ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်ရှိ ကြံစိုက်တောင်သူများ၏ ကြံသီးနှံအထွက်နှုန်း တိုးတက်စေရေးအတွက် ရေမြေရာသီဥတုနှင့် ကိုက်ညီသော ကြံစိုက်နည်းစနစ်များ ဖော်ထုတ်အသုံးပြုနိုင်ရန် တောင်သူပညာပေးဆွေးနွေးပွဲကို ဇွန် ၂၄ ရက်က စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ ကြံမျိုးသန့်ခြံ (ကမ်းပါးနီ)ရှိ



စိုက်ကွက်အမှတ်-B 2 အထူး အထွက်တိုးစံပြကွက်၌ ကွင်းဆင်း ဆောင်ရွက်ကြသည်။

အဆိုပါ တောင်သူပညာပေး ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ ကြံသီးနှံမျိုးသန့်ခြံ (ကမ်းပါးနီ) ခြံတာဝန်ခံ ဦးလေးအောင်နှင့် တာဝန်ရှိသူများက ရေမြေရာသီဥတုနှင့် ကိုက်ညီသောကြံစိုက်နည်းစနစ်များ ဖော်ထုတ်အသုံးပြုရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ဆွေးနွေးခဲ့ပြီး တောင်သူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်

**ကျေးသီး ဇွန် ၂၇**
ကျေးသီးမြို့နယ်၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ဇွန် ၂၄ ရက်က အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ပေးရာ ကျောင်းသား ကျောင်းသူ ၅၀ ထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျေးသီး(ပြန်/ဆက်)**





## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပြုလုပ်ပေး

**တာချီလိတ် ဇွန် ၂၇**
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်မြို့နယ်ဦးစီးမှူးရုံးက အခြေခံပညာကျောင်းများရှိ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို ဇွန် ၂၄ ရက်က မယ်လိတ်ပါကော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၉၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ပေးအပ်ခဲ့ကြောင်း၊ ယနေ့အထိ လမင်းစီမံချက်ဖြင့် ကျောင်းသား ကျောင်းသူ ၅၅၈ ဦးအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီးကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မော်လမြိုင်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**မော်လမြိုင် ဇွန် ၂၇**
မော်လမြိုင်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သားဖွားသင်တန်းကျောင်း (မော်လမြိုင်)တို့ပူးပေါင်းပြီး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၂၄ ရက်က သားဖွားသင်တန်းကျောင်း၌ ကျင်းပရာ မော်လမြိုင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး သင်တန်းသား သင်တန်းသူများက ဆွေးနွေးကာ သိရှိလိုသည့်မေးခွန်းများကို တက်ရောက်လာသော သင်တန်းသား သင်တန်းသူများက မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ အမှတ်(၅၇) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်အောင်မျိုးကျော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်းများကို ဇွန် ၂၂ ရက်က ပြုလုပ်စဉ်။ မျိုးလှိုင်(တွံတေး)

## ဆေးရုံကူးစက်ရောဂါထိန်းချုပ်ခြင်းလုပ်ငန်းများဆောင်ရွက်

**ညောင်လေးပင် ဇွန် ၂၇**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ရှိ ပြည်သူ့ဆေးရုံများတွင် ဆေးရုံကူးစက်ရောဂါ ထိန်းချုပ်ခြင်းလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ခြင်းကို ဇွန် ၂၄ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောကလျာဦးဆောင်၍ မြို့နယ်ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများတွင် လူနာနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးကို တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ ဆေးရုံမှတစ်ဆင့် ကူးစက်တတ်သော ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းများအား သင်တန်းပေးခြင်းနှင့် စစ်ဆေးကြီးကြပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ပေါင် ဇွန် ၂၇**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်ရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်



ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးက အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်တို့က ရေးစုကျေးရွာနှင့် ဇာကဒွန်းကျေးရွာတို့ကို ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများသည် ပေါင်မြို့နယ် လက်ပံကျေးရွာနှင့် ကန်ဖြူကျေးရွာတို့တွင် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေး

**ဓနုဖြူ ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို ဇွန် ၂၄ ရက်က ကျုံတနီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (ကျုံတနီး)၌ ပြုလုပ်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးဝင်းထူးနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို ပြုလုပ်ပေးလျက်ရှိရာ မြို့နယ်



စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**ကျောက်တံခါး ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇွန် ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်လဲ့လဲ့မိုးပွင့်ဖြူက ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာ ရရှိစေရေး ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းသို့ အုပ်ချုပ်ရေးမှူး ၆၄ ဦး တက်ရောက်ကြပြီး သင်တန်းကို ငါးရက်ကြာ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မျိုးမင်း (ပြန်/ဆက်)**

## လပွတ္တာမြို့၌ အာဟာရနှင့် ကျန်းမာရေး အမူအကျင့်ဆိုင်ရာအသိပညာပေး

**လပွတ္တာ ဇွန် ၂၇**

လပွတ္တာခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှကြီးမှူး၍ အာဟာရနှင့်ကျန်းမာရေးအမူအကျင့်ဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲကို ဇွန် ၂၄ ရက်က လပွတ္တာမြို့နယ် ကျောက်မော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က အမှာစကားပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်ဆေးရုံအုပ်ကြီးနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က အာဟာရနှင့် ကျန်းမာရေး အမူ



အကျင့်ဆိုင်ရာ အသိပညာပေးဟောပြောကာ သင်တန်းကို ဆက်လက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်ကြီးတံခွန်မြို့နယ်ရှိ သမဝါယမအသင်းများ၏ ဝင်ငွေကြေညာလွှာပေးအပ်

**မန္တလေး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ပြည်တွင်းအခွန်များ



ဦးစီးဌာနသို့ ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် မြို့နယ်သမဝါယမအသင်းစုများ၏ ဝင်ငွေကြေညာလွှာ ပေးအပ်ပွဲကို ဇွန် ၂၄ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ်အခွန်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူးက အခွန်ဆိုင်ရာသိကောင်းစရာများနှင့် ဝင်ငွေခွန်ကြေညာလွှာအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အသင်းစုများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်အခွန်ဦးစီးမှူးက ပြန်လည်ဖြေကြားရှင်းလင်းပြီး မြို့နယ်သမဝါယမအသင်းစု ၂၃ စုတို့က ဝင်ငွေကြေညာလွှာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းမောင်(ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပြုလုပ်ပေး

**မိုင်းဆတ် ဇွန် ၂၇**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသိန်းနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ဇွန် ၂၄ ရက်က အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (အလက-၂)၌ ကွင်းဆင်းဆောင်ရွက်ပေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအားလွန်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူ ၄၄ ဦးအား နိုင်ငံသားစိစစ်ရေး




ကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**



## သရက်ချောင်းမြို့နယ်၌ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဆွေးနွေး

**သရက်ချောင်း ဇွန် ၂၇**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်တိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးဆိုင်ရာအသိပညာပေး ဆွေးနွေးပွဲကို ဇွန် ၂၄ ရက်က သရက်ချောင်း အထက ပညာရတနာခန်းမ၌ ကျင်းပရာ မြို့မရဲစခန်းစခန်းမှူး ဒုတိယရဲမှူး သိန်းထိုက်က ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

## အင်းလေးကန်အနောက် ကြိုးပြင်ကာကွယ်တော၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**ညောင်ရွှေ ဇွန် ၂၇**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် လွယ်ငြိမ့်ကျေးရွာရှိ အင်းလေးကန်အနောက်ကြိုးပြင်ကာကွယ်တော၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၂၄ ရက်က ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ပျိုးပင်များပေးအပ်ပြီး ပြည်လုံးချမ်းသာ၊ ယူကလစ်၊ မာတာကွက်၊ မဲဇလီ၊ အော်ရီးရှား၊ မဟော်ဂနီ၊ ကျွန်းနှင့် ဝါးပျိုးပင် စုစုပေါင်းအပင် ၁၅၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



## ဒေးဒရဲမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်

**ဒေးဒရဲ ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ Rice Export Zone ဖြင့် ဆောင်ရွက်သော မိုးစပါး စိုက်ပျိုးတောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ဇွန် ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ Exporter ကုမ္ပဏီများက တောင်သူ ၅၉၀ ၏ မိုးစပါးစိုက်ဧက ၁၈၂၀၀ အတွက် တစ်ဧကလျှင် ငွေကျပ် ၄၅၀၀၀၀ နှုန်းဖြင့် ချေးငွေများကို တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေဇာလင်း**



## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၁ နှင့် ၅)**

**မဟာအောင်မြေခရိုင်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၃၈**

ဦးပေါ်မောင် နှင့် ဒေါ်ညိုညိုအေး
(၎င်း၏ကိုယ်စားလှယ်စာရသူ
ဦးစိုင်းနေလင်းအောင်)
**(တရားလို)** **(တရားပြိုင်)**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂–၃၃လမ်းကြား၊ ၇၇–၇၈လမ်းကြား၊ ရွှေဖြူပလာဇာ၊ အခန်း (၃၀၉)နေ ဒေါ်ညိုညိုအေး(ယခုနေရပ်လိပ်စာမသိသူ) အားသိစေရမည်။

သင့်အပေါ်၌ တရားလိုက “တရားလိုလက်ရှိနေထိုင်ရာမှ မတရားအဓမ္မဖယ်ရှားခံရ၍ လက်မဲ့ဖြစ်သွားသဖြင့် လက်ရောက်ရလို” ကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် (၁၃၈၈ ခုနှစ်၊ ဒုတတိယဝါဆိုလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်း ပြင်တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သောင်းထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၇)လမ်း၊ အမှတ်(၈၂/၁)ဟု ခေါ်တွင်သော အကျယ်အဝန်း(ပေ ၃၀ x ၅၇ ပေ)မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ မြေညီထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၄ ပေ x ၅၅ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်တင်တင်အေး (၁၂/ဥကတ(နိုင်)၀၆၆၉၀၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမော်(၁၂/ဥကတ(နိုင်)၀၄၅၀၉၄)က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမော် ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုရည်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၇၄၅)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉ (A) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၂၄၄၉၄၂၂၊ ၀၉– ၆၉၃၅၆၃၇၈၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဗ–၁၉၊ ဦးပိုင်အမှတ် ၆၁.က၊ ၁၁၄x၁၁၅ ကြား၊ ၅၅x၅၆ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၁၁၁၇/၉၂–၉၃)အရ ဦးခင်မောင်သိန်း MDYNW–၀၂၀၆၅၀ အမည်ပေါက်သို့ မြေရာဇဝင် ၁–က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးခင်မောင်သိန်း MDYNW–၀၂၀၆၅၀မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၅ ရပ်ကွက်၊ အကွက်အမှတ် က–၈၊ ဦးပိုင်အမှတ် ၁/၄၆/၇၂x၇၃ ကြား၊ ၁၁၁လမ်းx မန္တလေး–လားရှိုးသံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရူဘီ ၉/မကန(နိုင်)၀၈၂၅၃၅က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၅ ရပ်ကွက်၊ အကွက်အမှတ် က–၈၊ ဦးပိုင်အမှတ်၁/၄၉/ ၇၂X၇၃ကြား၊ ၁၁၁လမ်းXမန္တလေး–လားရှိုးသံလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရာဒီဒေဝီ(ခ) စံပယ် ၉/မကန(နိုင်)၀၀၁၀၆၇ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်–၅၊နည်းဥပဒေ–၂၀)**

**ပျော်ဘွယ်မြို့နယ်တရားရုံးတော်၌**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် –၃၇**

ကိုထွန်းထွန်းဝင်း နှင့် မအေးအေးခိုင်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်အောင်ရပ်ကွက်နေ (ယခုနေရပ်လိပ်စာမသိ) မအေးအေးခိုင်(ဘ)ဦးပေါက်စ သိစေရမည်။

သင့်အပေါ် တရားလို ကိုထွန်းထွန်းဝင်းက " လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု " ဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၁၀)ရက် (၁၃၈၈–ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁၁ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီ တွင်အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုဖတ်ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာမှတ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ (၂၆) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကောင်းထက်လွင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ပျော်ဘွယ်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/26960,Honda Wave–110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မင်း၁၄/ဟသတ(နိုင်) ၃၂၂၉၁၁ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15W/79854,Luojia–110 ယာဉ်အမည်ပေါက်သူ ဦးဇော်တူး ၁၃/သနန(နိုင်)၁၂၉၁၀၂ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး**
**(လားရှိုး)**

## ဒေါ်တင်ကြည်(၁၂/သကတ(နိုင်)၀၇၉၇၂၇) (ယခုနေရပ်လိပ်စာမသိ) သိရှိနိုင်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အရှေ့) လူနေရပ်ကွက်အမှတ် (၇/အရှေ့) ရှုခင်းသာလမ်းမကြီး(ခ)ရှုခင်းသာမြို့ပတ် (၅)လမ်း မြေကွက်အမှတ်(၃၈/ခ) ဟုခေါ်တွင်သော အကျယ်အဝန်းဧရိယာ (၁၂၀၀)စတုရန်းပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား အပြီးအပိုင် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သစ်သစ်ခိုင် (၁၂/သကတ(နိုင်)၂၁၂၈၅၀) နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆို နိုင်ရန်(၆–၇–၂၀၂၆) ရက် နောက်ဆုံးထားပြီး ဆက်သွယ်ဆောင်ရွက်ပေးပါရန် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်သစ်သစ်ခိုင်** | **ဒေါ်ဝင်းဝင်းနွယ်** |
| **(၁၂/သကတ(နိုင်)၂၁၂၈၅၀)** | **LL.B, B.A(Business Law)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ် ၁၀၆၉၂)** |

**အမှတ်(၁၂၂၉)၊ ပင်လုံလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊**
**ဖုန်း–၀၉–၉၈၂၉၃၅၉၉၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၅ ရပ်ကွက်၊ အကွက်အမှတ် က–၈၊ ဦးပိုင်အမှတ်၁/၄၈/ ၇၂x၇၃ကြား၊ ၁၁၁လမ်းx မန္တလေး–လားရှိုးသံလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဇော်မင်းဦး ၉/မကန(နိုင်)၀၈၆၉၆၂က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၅ ရပ်ကွက်၊ အကွက်အမှတ် က–၈၊ ဦးပိုင်အမှတ် ၁/၄၇/၇၂x၇၃ ကြား၊ ၁၁၁လမ်းxမန္တလေး–လားရှိုးသံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရူဘီ ၉/မကန(နိုင်)၀၈၂၅၃၅က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ

**( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃ )**

**အောင်မြေသာစံခရိုင်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၄၀**

**ကွယ်လွန်သူ ဦးထွန်းလင်း ၌ ကျန်ရစ်သော ပစ္စည်းအကြောင်း။**

**(၁) ကိုအောင်မျိုးလှိုင်၊ (၂) မကေခိုင်ဝင်း၊ အကွက်(၈၉၉)၊ ၃၂လမ်း၊ ၆၄နှင့် ၆၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့လျှောက်ထားသူများ။**

အကွက်(၈၉၉)၊ ၃၂လမ်း၊ ၆၄နှင့် ၆၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေ (၁) ကိုအောင်မျိုးလှိုင်၊ (၂) မကေခိုင်ဝင်းတို့က ကွယ်လွန်သူ ဦးထွန်းလင်း ၏ တူ/တူမ ဖြစ်သည်ဟူ၍ အကွက်(၈၉၉)၊ ၃၂လမ်း၊ ၆၄နှင့် ၆၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေ၊ ၎င်းကွယ်လွန်သူ ဦးထွန်းလင်းမှာ ကျန်ရစ်သော ပစ္စည်းများထဲမှရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးထွန်းလင်းမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် ( ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလကွယ်) နေ့တွင်လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူများ (၁) ကိုအောင်မျိုးလှိုင် (၂) မကေခိုင်ဝင်းတို့၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုနန္ဒာလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၅)**
**အောင်မြေသာစံခရိုင်တရားရုံး**

## ဖခင်အမည်မှန်

သရက်ခရိုင်၊ အထက်မင်းလှမြို့နေ ဦးသန်းထွန်းအောင် ၁၄/ကကန(နိုင်) ၀၀၀၁၁၇ ၏ သား အခြေခံပညာ အထက်တန်းကျောင်း(မင်းလှ) Grade 9 တွင် ပညာသင်ကြားနေသော မောင်ဟိန်းသျှန် အား မောင်ဟိဏ်းထည်ဝါလင်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိဏ်းထည်ဝါလင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/79763, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်ဦး ၉/မနတ(နိုင်)၀၁၇၂၄၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၄၊ယုဇနရပ်)၊ ဦးပိုင်အမှတ်(၅၁)၊ မြေဧရိယာ (၀.၃၁၁)ဧကရှိမြေကွက်သည် ဦးဆိုင်းလားလ်(ခ)ဒီးလ်ဗဟာဒူး အမည်ဖြင့် (၃၀–၆–၂၀၂၀)ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ (၂၃–၃–၂၀၂၆)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၀၉၂/၂၀၂၆)အရ တရားရုံး၏ဒီကရီအရ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်ရောင်းချခြင်းစာချုပ်ဖြင့် ဦးဆိုင်းလားလ်(ခ)ဒီးလ်ဗဟာဒူး၏ကိုယ်စား ဦးနန်ဟီးဂျုံရမ်ထံမှ ဒေါ်အင်ခွမ်ခေါန်ရာ အမည်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်အင်ခွမ်ခေါန်ရာ၊ ၁/မကန(နိုင်)၀၉၁၁၄၂ အမည်ဖြင့် အမည် ပြောင်းမြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန်ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၃–ခ၊မြေမြင့်ရပ်)၊ ဦးပိုင်အမှတ် (၆၀၄+၆၀၈)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိမြေကွက်သည် မူလကဒေါ်ထွေးထွေးသင်းအမည်ဖြင့် (၁၀–၈–၂၀၁၈)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ ဦးပိုင်(၆၀၈)၊ မြေဧရိယာ(၀.၀၅၅)ဧကအပိုင်းကို (၂၁–၄–၂၀၂၆)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၁၁၈/၂၀၂၆)အရ ဒေါ်ထွေးထွေးသင်းထံမှ ဒေါ်ရွှေလတ် အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်ရွှေလတ်၊ ၁/ဝမန(နိုင်)၀၅၀၂၄၃အမည်ဖြင့် . အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး၊**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈၄)၊ ဈေးအကွက်၊ ဦးပိုင်အမှတ်(၁၉၂)၊ ဧရိယာ (၀.၀၂၂)ဧကရှိ မောင်တင်မြင့် အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အိမ်အမှတ်(၁၃၇၇)၊ ထုံးဘိုကမ်းနားလမ်းနေ ဦးတင်ထွန်း၊ ဦးမျိုးဆန်း(ခ) ဦးကျော်စိုးပိုင်၊ ဦးဝင်းကြိုင်တို့မှ ဘိုးဘပိုင်မြေအမည် ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်းကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်မိုးလမ်းသွယ်(၂)၊ မြေကွက်အမှတ်(၈၃)၊ ကွင်း/အကွက်အမှတ်(၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက် )၊ ဦးပိုင်အမှတ်(၅/၂/၁၇) ဟုခေါ်တွင်သော ဧရိယာ (၀.၀၅၅) ဧကအကျယ်ရှိ ဂရန်အမှုတွဲအမှတ် (RPNO – ၁၂၉ / V / ၉၄ – ၉၅)အရ ဦးဆောင်း အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဖခင် ဦးဆောင်းနှင့် မိခင်ဒေါ်ဖျိုင်းတို့ ကွယ်လွန်ပြီးနောက်တွင် ၎င်းတို့၏ သားသမီးရင်းခြာများဖြစ်သော ၁။ ဦးခင်မောင်သန်း (၁၂/သလန(နိုင်)၀၈၄၂၃၇)၊ ၂။ ဦးပြည့်ဖြိုးသန်း(၁၂/သလန(နိုင်)၀၈၈၉၆၃)၊ ၃။ ဒေါ်ခင်ထွေးရင် (၁၂/သလန (နိုင်)၀၉၈၂၄၁) ၄။ ဦးမျိုးသူရ (၁၂ /သလန(နိုင်) ၁၂၇၆၁၆)တို့က မိဘများ ကျန်ရစ်သည့်အမွေကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း မွေ့က်ဟကြေညာ စာချုပ်ချုပ်ဆိုမှတ်ပုံတင်ခြင်း၊ မြေပုံမြေရာဇဝင်ရေးကူးခြင်း၊ ရောင်းချခြင်း၊ စွန့်လွှတ်ခြင်း စသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ ပြုလုပ်ရန်ရှိသဖြင့် အခြားအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ (သို့မဟုတ်) အကျိုးတစ်စုံတစ်ရာသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အဆိုပါကိစ္စများကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇာနည်( LLB, D.B.L, D.I.P.L, DIL)** | **ဒေါ်အိအိမော် (ခ) အိသဉ္ဇာအောင်** |
| **(စဉ် – ၁၄၆၆၈)** | **( LLB, D.I.P.L ) (စဉ်–၁၈၇၂၆)** |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊**
**သန်လျင်မြို့ ၊ ဖုန်း – ၀၉–၄၂၀၃၀၀၂၆၂**

## အမည်မှန်

ပူတာအိုမြို့၊ မကျောဝေါ ကျေးရွာနေ ဒေါ်အားညီဆာ ၏ အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြား လက်မှတ်အရ ဒေါ်အားညီရဲ့ ၁/ပတအ(နိုင်) ၀၄၁၅၃၁ ဖြစ်ပါကြောင်း။

**ဒေါ်အားညီရဲ့**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့ အ.ထ.က(ပြည်စိုးကုန်း) Grade–6 ကျောင်းသား မောင်မြင့်မြတ်ဟိန်း ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်ဗိုလ် ၈/စလန(နိုင်)၀၈၇၁၃၀ ဖြစ်ပါကြောင်း။

**ဦးမျိုးမြင့်ဗိုလ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/38182, Shayan–125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၁၄/ဖပန(နိုင်) ၂၆၆၈၆၇ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂ )

ဥတ္တရခရိုင်တရားရုံးတော်၌

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂ နှင့် ဆက်နွယ်သည့်

၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၄

| | |
|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး (၎င်းကိုယ်စား ဒုတိယအထွေထွေမန်နေဂျာ ဦးတင်အောင်လင်း) | နှင့် အံ့ဖွယ်ကမ္ဘာသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် (၎င်းကိုယ်စားအုပ်ချုပ်မှုဒါရိုက်တာ ဦးခွန်စည်သူသွင်) |
| (ဒီကရီအနိုင်ရသူ) | (တရားရှုံး) |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၄၅၁)နေ ဦးခွန်စည်သူသွင်(အုပ်ချုပ်မှုဒါရိုက်တာ)၊ ၁၂/ဗဟန(နိုင်)၀၅၅၀၅၆ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂–ခုနှစ်၊ တရားမကြီးမှုအမှတ်–၂ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆–ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ (၁၃၈၈–ခုနှစ်၊ ဝါဆိုလဆုတ် ၁၄ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆–ခုနှစ်၊ ဇွန်လ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သန်းနိုင်ထွေး)
ခရိုင်တရားသူကြီး
ဥတ္တရခရိုင်တရားရုံး

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့နယ်ခွဲ၊ သနပ္ပင်ကျေးရွာတွင် နေထိုင်သော ကျွန်မ မခိုင်ဇာဝင်း၏ ဖခင်အမည် ဦးအေးခန့်(ခ) ဦးမောင်အေး ၉/သေရ(နိုင်)၀၁၆၄၇၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ကန်ကြီးထောင့်မြို့နယ်၊ အထက– စက်၊ စိုက်၊မွေးကျောင်း Grade–11 တွင် ပညာသင်ကြားနေသော မောင်ပြည့်ဖြိုးမြတ်၏ မိခင်အမည်မှန်မှာ ဒေါ်အေးရီလှိုင် (၁၄/ပသရ(နိုင်)၁၁၂၆၂) ဖြစ်ပါကြောင်း။

ဒေါ်အေးရီလှိုင်

## တစ်ဦးတည်းဖြစ်ပါကြောင်း

(ဘ) ဦးအိုက်စိုင်း ၏သား ကျိုင်းတုံမြို့၊ ရပ်ကွက်(၁)၊ ဝမ်ဟွေ့ရပ်နေ ကျွန်တော် ဦးမျိုးမြင့် (၁၃/ကတန(နိုင်)၀၅၇၈၁၆) (ခ) ဦးငှက်နီ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမျိုးမြင့် (ခ)ဦးငှက်နီ

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက မင်းစုကျောင်းတွင် အထက်တန်းပြ (ကာယ) တာဝန်ထမ်းဆောင်နေသော ဒေါ်ခင်မမ ၉/ ကဆန(နိုင်)၁၁၂၉၅၄၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁–၂–၁၉၇၈ ဖြစ်ပါကြောင်း။

ဒေါ်ခင်မမ ၂၁–၂–၁၉၇၈

## မွေးသက္ကရာဇ်မှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း G–12 တွင် ပညာသင်ကြားနေသော မောင်ထက်အုပ်လူ (ဘ) ဦးဇေဝင်းမောင်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၈–၁၀–၂၀၀၈) ဖြစ်ပြီး မုံရွာမြို့၊ မိုးဦးပန်းကိုယ်ပိုင် အထက်တန်းကျောင်း G–7 တွင် ပညာသင်ကြားနေသော မရှင်းသီရိသန့်(ဘ) ဦးဇေဝင်းမောင်၏ မွေးသက္ကရာဇ်အမှန်မှာ (၂၃–၁၁–၂၀၁၂) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၂၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ် ၈၅၃/ကဟု ခေါ်တွင်သော အကျယ်အဝန်း(အလျား၂၂.၆ပေXအနံပေ၆၀)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဉာဏ်ထွန်းလင်း(၁၂/လသန(နိုင်)၀၁၇၃၅၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ယခုရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အားပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ယုမွန်သန့်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၄၆၅)
ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၂၅၄၂၆၂၈၁၃

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေဧရိယာ(၀.၁၁၀)ဧကရှိ ဦးညွန့်စန်း (ဘ)ဦးခင်ကြည် ၈/ပခက(နိုင်)၂၀၅၃၆၀ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ–၂၀၆၆၈)ကို မြေကွက်အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်သမီးများဖြစ်သူ ဒေါ်မျိုးဇင်မာညွန့် ၈/ပခက(နိုင်)၁၆၇၇၆၂၊ ဒေါ်မျိုးဥမ္မာညွန့် ၈/ပခက(နိုင်)၂၁၂၁၆၆၊ ဒေါ်မျိုးရွှေရည်ထက်ညွန့် ၇/ညလပ(နိုင်)၁၆၅၆၃၅၊ (ဘ)ဦးညွန့်စန်းမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ဖခင်အမည်မှန်

ထားဝယ်မြို့၊ ဥသာရုံရပ်နေ ၊ ရွှေထားဝယ်ကိုယ်ပိုင် အလယ်တန်းကျောင်း၊ Grade–3 မှ မနှင်းယမုံ၏ဖခင် ဦးသီဟ၏အမည်မှန်မှာ ဦးသီဟတင်စိုး ၉/သကတ(နိုင်)၁၁၅၀၀၉ ဖြစ်ပါကြောင်း။

ဦးသီဟတင်စိုး

## ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကထောင်နီရွာနေ အထက(၁)ထားဝယ် Grade–5 မှ မနွေးအိအိလှိုင် ၏ဖခင် ဦးညီညီစိုး၏အမည်မှန်မှာ ဦးညီစိုး ၆/လလန(နိုင်)၁၂၆၅၄၇ ဖြစ်ပါကြောင်း။

ဦးညီစိုး

## မိဘအမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ အထက(၁)၊ Grade–6(စကားဝါ)ခန်းမှ မအိန္ဒာပုံ၏ မိဘအမည်မှန်မှာ ဦးသိန်းထွန်းဦးနှင့် ဒေါ်သူဇာခက် တို့ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ မွေးစာရင်းနှင့် အိမ်ထောင်စုစာရင်းအရ ၃–၂–၂၀၁၃ ဖြစ်ပါကြောင်း။

ဦးသိန်းထွန်းဦး၊ ဒေါ်သူဇာခက်

## အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အေးမြကန်သာရပ်ကွက်၊ ဆောက်လုပ်ရေးဝန်ထမ်းအိမ်ရာနေ ဦးမျိုးကျော်အောင် (၈/ပခက(နိုင်)၂၁၅၉၃၆)နှင့် ဇနီးဖြစ်သူ ဒေါ်မြတ်နုခိုင် (၈/ဆမန(နိုင်)၀၄၃၃၅၅) တို့မှ မိမိတို့၏ သဘောဆန္ဒအလျောက် ဦးဇော်မင်းလတ်(ကွယ်လွန်)နှင့် ဒေါ်ဝင်းဝင်းနိုင် (၈/ဆမန(နိုင်)၀၄၇၃၅၇) တို့၏ သားဖြစ်သူ မောင်ဇေယျာထက်၊ (၁၃)နှစ်ရှိသူအား ယနေ့မှစ၍ မိမိတို့၏ အမွေစားအမွေခံ၊ ကိတ္တိမသား/သမီးအဖြစ် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄/၂၀၂၆)ဖြင့် တရားဝင်စာချုပ် မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုကာ မွေးစားလိုက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယနေ့မှစ၍ မောင်ဇေယျာထက်၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စပ်လျဉ်းသမျှကိစ္စအဝဝကို ကျွန်ုပ်တို့၏ ဇနီးမောင်နှံတို့မှသာလျှင် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသီဟမိုး (LL.B)
တရားလွှတ်တော်ရှေ့နေ စဉ်–၁၇၉၀၉/၃၁–၁–၂၀၂၂
အမှတ်(၄၉၅/E) ရွှေမင်းဝံ(၈)လမ်း၊ ပိတောက်ရွှေဝါရပ်ကွက်၊ ကော့သောင်းမြို့

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇေတိကအိမ်ရာစီမံကိန်းရှိ (၃)ခန်းတွဲ(၅)ထပ်တိုက်၏ တိုက်အမှတ်(B–2)၊ အခန်းအမှတ်(၀၀၂)၊ အကျယ်အဝန်း(၇၅၀)စတုရန်းပေရှိ (၅)ထပ်တိုက်၏(ပထမထပ်) မြေညီခန်းတိုက်ခန်းနှင့် ၎င်းတိုက်ခန်းနှင့် တွယ်ကပ်လျက်ရှိသော ရေ၊ မီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင် Tosta Group Co.Ltd ထံမှ အဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးထက်မောင်မောင်(၁၂/ဥကတ(နိုင်)၁၄၅၀၆၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အပြီးအပိုင် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးစောကျော်စွာထွဋ် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၀၀၁)(၁၇–၇–၂၀၁၇)
တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ Ph:09–440655738

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဒ–၃၀၉၇၅)၊ မြေဧရိယာ (၀.၁၅၁)ဧကရှိ ဒေါ်ရှောက်ရီ (ဘ) ဦးကျန်ခိုင်တင် ၁၃/ဟပတ(နိုင်)၀၄၂၅၄၃ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ရှောက်ရီမှ ဒေါ်နေဇာခြည် (ဘ)ဦးရဲမြင့် ၁၄/ကကန(နိုင်)၀၀၁၃၂၃ နှင့် အရောင်းအဝယ်မှတ်ပုံ တင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးမြို့၊ မဇင်းရပ်ကွက်၊ ရွှေသာလျောင်းဘုရားလမ်း၊ ကွင်းအကွက်အမှတ်(IE)၊ ကွင်းအမည်– ရွှေသာလျောင်းရပ်၊ ဦးပိုင်အမှတ်(၄ –ဃ)၊ ဧရိယာ(၀.၃၆)ဧကရှိ မြေကွက်သည် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်မြို့မြေအမှတ်–၆၈၆/ငါး/၉၆–၉၇ နှင့် ပဲခူးမြို့နယ်မြေမှုအမှတ်–၂၈၃/ငါး/ ၉၆–၉၇ တို့အရ (၂၀–၂–၁၉၉၇) မှ (၁၉–၂– ၂၀၂၇)အထိ နှစ်(၃၀)မြေငှားဂရန်ကို ဖခင်ဖြစ်သူ ဦးထွန်းလင်း(ဘ)ဦးသာရင်အမည်ဖြင့် ထုတ်ပေးထားပြီး ဦးထွန်းလင်း ကွယ်လွန်ပြီးနောက် ကျန်ရစ်သူသားသမီးများက အမွေဆက်ခံရရှိခဲ့ကြပြီး၊ ဦးထွန်းလင်း၏ သားသမီးများထံမှ ဦးခင်မောင်ဝင်း (ဘ)ဦးကုလားက ဝယ်ယူ၍ နှစ်ထပ်တိုက်နေအိမ်ဆောက်လုပ်ကာ လက်ရှိလက်ဝယ်ထားနေထိုင်ပိုင်ဆိုင်လျက်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှမိုးနိုင် (ဘ)ဦးချိုမှလည်း ဝယ်ယူရန် သဘောတူညီထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်ပြုလုပ်မည့် မြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အဆောက်အအုံတို့နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှမိုးနိုင် ထံသို့လည်းကောင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ စာချုပ်ချုပ်ဆို၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင်ထွန်း(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၆၃)
(၂၀၁၆ခုနှစ်၊ နိုဝင်ဘာ(၂၉)ရက်) ၊
အမှတ်(၂၄/၁၄၄– ၁၄၆)၊ မြို့ရှောင်(၂)လမ်း၊ ရပ်ကွက်ကြီး(၈)၊ ဥသာမြို့သစ်၊
ပဲခူးမြို့၊ ဖုန်း–09–250299976

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၁၀)ဧကရှိ ဒေါ်စန္ဒာဝင်း(ကွယ်လွန်) ၁၀/မလမ(နိုင်)၀၄၂၀၁၆(ဘ)ဦးကြီးရွှေ အမည်ပေါက် မြေကွက်အမှတ် (ပ–၂၁၄၄၁)၏ နှစ်(၃၀)မြေငှားစာချုပ်(စာအုပ်)မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက်၏ အမွေခံ ခင်ပွန်းဖြစ်သူ ဦးအောင်မျိုးသန်း(ဘ)ဦးအောင်တိုး ၅/ခဥတ(နိုင်)၀၀၀၅၁၈မှ မြေကွက်အမှတ်(ပ–၂၁၄၄၁)၏ မြေငှားစာချုပ်(စာအုပ်)မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း (မှတ်ပုံတင်ပြီး)၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ သေဆုံးခြင်းလက်မှတ်တင်ပြပြီး မြေငှားစာချုပ်(စာအုပ်) မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပေးထားသည့် ပျောက်ဆုံးသွားသော မြေငှားစာချုပ်(စာအုပ်) မူရင်းအားပယ်ဖျက်၍ မြေငှားစာချုပ်(စာအုပ်)မိတ္တူမှန် ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ကန်ကြီးထောင့်မြို့နယ်၊ အထက(ခွဲ)ရှမ်းငူ Grade–12တွင် ပညာသင်ကြားနေသော မဇူလိုင်မိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်းထွန်း ၁၄/ကကထ(နိုင်)၁၂၃၂၈၉ နှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၂–၁–၂၀၀၈)ဖြစ်ပါကြောင်း။

ဦးဇော်လင်းထွန်း

## ဖခင်အမည် တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့အမှတ် (၁)၊ အခြေခံပညာအထက်တန်းကျောင်း Grade–12 မှ မပန်းအိဖြူ၏ ဖခင်အမည် ဦးခင်မောင်မျိုး (ခ) ဦးခင်မောင်ချို ၈/သရန(နိုင်)၀၆၉၃၀၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးခင်မောင်မျိုး(ခ)ဦးခင်မောင်ချို

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြစိမ်းရောင်အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(1–A)၊ မြေကွက်အမှတ်(၇၆)၊ မြေအကျယ်(၈၀x၈၅)ရှိ ဦးရွှေကြိုင် အမည်ပေါက်ပါမစ်မြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်ဖြူနုထွေး(၆/ထဝန(နိုင်)၀၀၄၁၆၇)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသိန်းအောင်(၁၃/သနန(နိုင်)၀၂၅၇၉၅)က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ(စဉ်–၂၆၆၁၈/၀၇)
ဖုန်း –၀၉–၇၇၇၇၃၆၆၇၈

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/93586 ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလင်းမောင် ၇/တငန(နိုင်)၂၂၄၃၃၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ်(၈၁၃)၊ အလျား x အနံပေ( ၄၀ x ၆၀ ) အကျယ်ရှိ ဒေါ်ဝင်းကြည် အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးသက်နိုင်ဦး(ဘ) ဦးတင်ဝင်း (၁၂ /ဒပန(နိုင်)၀၃၁၉၉၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်ဦး (ဘ) ဦးကြည်စိန် (၁၄/ဝခမ(နိုင်)၀၆၇၁၄၀) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက် ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်အိအိမော် (ခ) အိသဥ္ဇာအောင် ( LL.B, DIPL ) (စဉ် – ၁၈၇၂၆) တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊သန်လျင်မြို့၊ ဖုန်း – ၀၉–၇၉၇၀၇၅၃၁၂

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် – ၃၇ ၊ မြေကွက်အမှတ် – ၉၇၉/က ၊ အကျယ်အဝန်း – ပေ ၂၀x ပေ၆၀(၀.၀၂၇၅ ဧက) ရှိ ဦးအောင်ကျော်ဦး (၁၂/သဃက(နိုင်)၀၆၂၃၀၇) နှင့် ဒေါ်နော်သူးလေဖော (၁၂/သဃက(နိုင်)၀၆၂၃၀၇)တို့ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစား (အမှတ် –၉၇၉/က ၊ ရွှေတောင်တန်းလမ်း ၊ ၃၇ ရပ်ကွက် ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော) မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအောင်ကျော်ညွန့် ၁၂/လမန(နိုင်)၀၀၁၀၅၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက် ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက ပိုင်ရေးဆိုင်ခွင့် လွှဲပြောင်းခြင်းတို့ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးမျိုးမြင့်အောင် (စဉ်–၂၅၁၆၅) | ဦးအေးမင်းသူ (စဉ်–၂၆၁၉၉) |

အထက်တန်းရှေ့နေများ
အမှတ် ၅၈/၆၀ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း –၀၉–၅၁၄၅၇၆၇ ၊ ၀၉–၄၂၀၀၂၈၃၆၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊မြေကွက်အမှတ်(၈၆) ဟုခေါ်တွင်သော မြေအလျားXအနံ ပေ(၄၀X၆၀)ရှိ မြေချပါမစ်မူရင်း မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်စီစီဝေ(K/RGN–006498)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစစ်နိုင်(၁၂/ဒဂတ(နိုင်)၀၃၀၁၄၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးထိန်ဝင်း(၁၃/တကန(နိုင်)၂၈၃၁၆၀)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | | |
|---|---|---|
| ဦးဝင်းသူရဇော် (LL.B) | ဒေါ်ယမင်းထွေး (LL.B) | ဦးရဲသီဟ (LL.B) |
| အထက်တန်းရှေ့နေ(စဉ်–၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆) |

အမှတ် (၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉–၄၅၆၉၉၆၇၇၆၊ ၀၉– ၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ ရန်ကုန်–မန္တလေးလမ်းမကြီးဘေး၊ ခြံကွက်အမှတ် (၅၈၀)ဟု ခေါ်တွင်သော အရှေ့လားသော်– နောက်ဖေးလမ်းကြား၊ အနောက်လားသော်– ရန်ကုန်– မန္တလေးလမ်းမကြီး၊ တောင်လားသော်– ဒေါက်တာရဲလွင် နေအိမ်ခြံ၊ မြောက်လားသော်– ဒေါ်ကေသွယ်မိုးနှင့် ဒေါ်သန္တာမျိုး နေအိမ်ခြံ၏ အလားလေးရပ်အတွင်းရှိ (မျက်နှာဝ(၂၂) ပေ x အလျား ပေ(၆၀) အကျယ်အဝန်းရှိ ခြံမြေကွက်နှင့် အဆိုပါခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူအဆိုပြုသူများဖြစ်သော (၁) ဒေါ်ညီညီခိုင်(ဘ) ဦးစိုးမြင့် ၇/ပခန(နိုင်) ၀၀၂၇၉၀၊ (၂) ဒေါ်ကေသွယ်မိုး(ဘ) ဦးစိုးမြင့် ၇/ပခန(နိုင်) ၂၀၀၀၈၁ နှင့် (၃) ဒေါ်သန္တာမျိုး(ဘ) ဦးစိုးမြင့် ၇/ပခန(နိုင်) ၂၀၀၀၈၂ တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ငုဝါဇင်(ဘ) ဦးစိုးဝင်း ၇/ပခန(နိုင်) ၁၉၂၁၆၈ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့် သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးဇေယျာဘုန်းမောင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၆၀/၁၀–၁၁–၂၀၁၆)
(အမှတ်(၄၃၃)၊ မော်ကန်(၁၉)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့။) ၀၉–၄၂၈ ၁၂၃ ၉၄၄ ၊ ၀၉–၄၄၉ ၀၀၃ ၅၄၅

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### မဟာအောင်မြေခရိုင်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၄၄

ဒေါ်ဝတ်ရည်အေးသက် နှင့် ဦးကျော်ဇေယျ
တရားလို တရားပြိုင်

ဦးကျော်ဇေယျ(ဘ)ဦးကိုကိုကြီး၊ အကွက်(၈၀၆)၊ အမှတ်(၈၆)၊ ပြည်ကြီးမျက်မှန်ရပ်၊ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းဂရန်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ (၁၃၈၈ခုနှစ်၊ ပထမဝါဆိုလဆုတ်၊ ၁၀)ရက် မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်သည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မျိုး)
ဒုတိယခရိုင်တရားသူကြီး(၄)
မဟာအောင်မြေခရိုင်တရားရုံး

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အထက (၃) Grade-5 (B)မှ မဆုလင်းယမုံ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး (၉/မခန(နိုင်)၂၅၆၇၀၂) ဖြစ်ပါကြောင်း။

ဦးအောင်ကျော်မိုး

## မိဘအမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက (အလှပ်)ကျောင်း Grade-7 မှ မနှင်းနှင်းဖြူ၏ မိဘ အမည်မှန်မှာ ဦးတင်ရွှေ-ဒေါ်စန်းစန်းဝင်း ဖြစ်ပါကြောင်း။

ဦးတင်ရွှေ-ဒေါ်စန်းစန်းဝင်း

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက(အလှပ်)ကျောင်း Grade-11 မှ မမြတ်စုမွန်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ခင်မူ ၁၀/ပမန(နိုင်)၀၅၀၄၀၁ ဖြစ်ပါကြောင်း။

ဒေါ်ခင်ခင်မူ
၁၀/ပမန(နိုင်)၀၅၀၄၀၁

## မိဘအမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက-ဆင်ဖြူရပ်ကျောင်း Grade-7 (A)မှ မောင်ဟန်မိုးလွင်၏ မိဘအမည်မှန်မှာ ဦးစိုးမင်းထွန်း ၁၀/ပမန(နိုင်) ၁၈၅၈၁၀နှင့် ဒေါ်နီနီလွင် ၁၀/မလမ(နိုင်)၁၃၅၄၃၀ ဖြစ်ပါကြောင်း။

ဦးစိုးမင်းထွန်း-ဒေါ်နီနီလွင်

## ကန့်ကွက်နိုင်ပါကြောင်း

မိုးညှင်းမြို့၊ မြို့မရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၆ က/စစ်တန်းအနောက်၊ ဦးပိုင်အမှတ် ၅၅-က၊ မြို့မြေ၊ မြေဧရိယာ(၀.၂၀၀)ကေရှိ မြေကွက်အား ဒေါ်ဆွေဇင်ဦး(ဘ)ဦးဇော်ဘောက် ၁/မကတ(နိုင်)၀၈၀၀၃၂ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်မည် ဖြစ်သဖြင့် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်တင်ပြသူမရှိပါကလျှောက်ထားမှုအားလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဆွေဇင်ဦး ၁/မကတ(နိုင်)၀၈၀၀၃၂

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

